
www.burmeseclassic.com
BURMESE CLASSIC .com
တက္ကသိုလ်
ပထမပိုင်း
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# အန္တရာယ်ကြားမှပူးစာရှင်

(ပထမပိုင်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အိမ်အပြန်

နှင်းမုန်တိုင်းနှင့် အေးစိမ့်သော လေပြင်းတိုက်ခတ်မှုများ ရပ်ဆိုင်းသွားပြီဖြစ်သည်။

မြူနှင်းများ ပြိုကွဲသွားပြီး ရာသီဥတု သာယာကြည်လင်လာသည်။

သိုင်းကဝိကျူးစင် ...။

သိုင်းကဝိကျူးစင်သည် ရှောင်ကျင်းအား သိုင်းပညာနောက်ဆုံးအဆင့်ဖြစ်သော နေလတိုက်ကွက်ကို သင်ကြားပေးလျက်ရှိနေပေသည်။

ရှောင်ကျင်း နားလည်စေရန် နေလတိုက်ကွက်၏ အနှစ်သာရကို ရှင်းလင်းပြောပြပြီး ဖြစ်လေသည်။

သို့သော် ...

လက်တွေ့သင်ကြားပေးသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် အလွဲလွဲအချော်ချော် အမှားမှားအယွင်းယွင်း ဖြစ်နေတော့သည်။

တစ်ကြိမ်မဟုတ် နှစ်ကြိမ်မဟုတ် အကြိမ်ပေါင်းများလာသောအခါ ကျူးစင် စိတ်ပျက်လာလေသည်။

သူက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

လက်တွေ့လေ့ကျင့်ပြသကာ လက်ထပ်သင်ပေးသည်။

သို့တိုင်အောင် ...

ရှောင်ကျင်းသည် ပြီးပြည့်စုံအောင် တတ်မြောက်သွားခြင်းမရှိဘဲ တစ်နေရာမဟုတ် တစ်နေရာတွင် မှားယွင်းသည်။

အမြဲမှားယွင်းနေဆဲ ဖြစ်လေသည်။

ထို့အပြင် ...

သိုင်းပညာလေ့ကျင့်မှုတွင် စိတ်မပါဘဲ တငေးငေးတငိုင်ငိုင်ဖြစ်နေသည်။

ကျူးစင် မကျေမနပ်ဖြစ်လာသည်။ ရှောင်ကျင်းအား အပြစ်ဟာင်ကြိမ်းမောင်းသည်။

ဆူပူသည်။

စစ်ဆေးသည်။



ရှောင်ကျင်းက သိုင်းလေ့ကျင့်ရာတွင် စိတ်မပါတော့ခြင်းကြောင့်ဖြစ်ကြောင်း နားလည်သည်။

သေသေချာချာ မေးမြန်းလိုက်သောအခါ ...

အိမ်ထောင်ပြုရမည့်အရေးကို ဝန်လေးနေပြီး တစ်ချိန်လုံးထိုအတွေးက နှောင့်ယှက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။

လွန်ခဲ့သော သုံးလခန့်က ...

မြို့စားကြီးရှောင်ဖုံးသည် သားဖြစ်သူ ရှောင်ကျင်းထံ ဆိုင်းမဆင့် ဗုံမဆင့်ရောက်ရှိလာပြီး အိမ်ထောင်ချထားပေးရန် စီစဉ်သွားခဲ့သည် မဟုတ်ပါလား။

ယင်းသို့ ရုတ်တရက်စီစဉ်ရခြင်းမှာ တိုင်းပြည်မငြိမ်မသက်ဖြစ်ပြီး နန်းတွင်းရေးရှုပ်ထွေးလာသောကြောင့် မြို့စားကြီးရှောင်ဖုံးသည် ချန်အန်းနေပြည်တော်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ထို့ကြောင့် သားဖြစ်သူ ရှောင်ကျင်း၏နောင်ရေးအတွက် စိတ်အေးရရန် မင်္ဂလာကိစ္စကို လာရောက်စီစဉ်ခြင်းဖြစ်သည်။

သတို့သမီးမှာ ...



ဂန္ဓာမာဂေဟာပိုင်ရှင်၏သမီးဖြစ်ပြီး လောလောဆယ်တွင် ငိုမီဂိုဏ်း၌ သိုင်းပညာဆည်းပူးနေသည်။

သို့ဖြစ်ရာ ...

မိဘချင်းတိုင်ပင်ဆွေးနွေးကာ စေ့စပ်ကြောင်းလမ်းခဲ့ခြင်းဖြစ်သည်။

စေ့စပ်ထားသည့်အထိမ်းအမှတ်အနေဖြင့် ...

ကျောက်စိမ်းလက်စွပ်တစ်ကွင်းကို ရှောင်ကျင်းအား ပေးအပ်ခဲ့၏။

ထို့ပြင် ... အနီရောင်ဖယောင်းလုံးတစ်လုံးကိုလည်း ပေးခဲ့သည်။

သေချာသိမ်းထားရန် အလေးအနက် မှာကြားပေးအပ်ခဲ့ခြင်းဖြစ်သည်။

ရှောင်ကျင်းမှာ ...

ဖခင်မြို့စားကြီး၏လုပ်ရပ်ကို မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

ထို့ကြောင့် ...

သူ၏စိတ်ထဲတွင် ထိုအကြောင်းအရာများက လွှမ်းမိုးလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီး သိုင်းပညာသင်ယူရာ၌ အပြည့်အဝ အာရုံမစိုက်နိုင်ဘဲ အယောင်ယောင်အမှားမှားဖြစ်နေခဲ့ရခြင်းပင် ဖြစ်လေသည်။

✳



သိုင်းကဝိကျူးစင်သည် အတွေ့အကြုံရင့်ကျက်သော သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။

ထို့ကြောင့်လည်း သူက မည်မျှပင်အပင်ပန်းခံကာ သင်ကြားပေးသော်လည်း ရှောင်ကျင်းစိတ်မပါလျှင် နှစ်ပေါင်းများစွာသင်ယူသည်ဖြစ်စေ တတ်မြောက်နိုင်မည် မဟုတ်ဟု နားလည်လိုက်၏။

ထို့ကြောင့် ...

"ရှောင်ကျင်း ... မင်းဟာ နေလတိုက်ကွက်အကြောင်းကို ကောင်းကောင်းကြီး နားလည်နေပြီ၊ တတ်မြောက်အောင် လက်တွေ့လေ့ကျင့်ဖို့က မင်းရဲ့ကြိုးစားမှုအပေါ်မှာပဲ မူတည်နေတယ် ...၊ မင်းကို ငါက ဆက်သင်ပေးနေလို့ မင်း စိတ်မပါရင် နောက်ဆယ်နှစ်သင်လို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး ...၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အထုပ်အပိုးပြင်ပြီး အိမ်ပြန်ပေတော့၊

မင်းဘာသာ စိတ်ပါတဲ့အချိန်ကျမှ ဆက်ပြီးလေ့ကျင့်ပေတော့"

ဟု အမိန့်ချမှတ်လိုက်လေတော့သည်။

ရှောင်ကျင်းက စောဒကတက်၍မရတော့ပါ။

သူက ဆရာဖြစ်သူအကြောင်းကို ကောင်းစွာ သိထားသည်မဟုတ်ပါလား။

ရှောင်ကျင်းသည် အထုပ်အပိုးများ သိမ်းဆည်းလိုက်သည်။

ထို့နောက် ရေခဲတောင်ပေါ်မှ ဆင်းလာရလေတော့သည်။

⁂

ဝမ်လိန်မြို့ ...

ရှောင်ကျင်းသည် ဝမ်လိန်မြို့သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ဝမ်လိန်မြို့သည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေသည်။

ရှောင်ကျင်းအဖို့ ရေခဲတောင်ပေါ်တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီး ယခုမှ ကိုယ့်အိမ်ကိုယ့်ယာသို့ ပြန်လည်ရောက်ရှိလာသဖြင့် ဝမ်းသာပျော်ရွှင်နေမိလေသည်။

သို့သော် ...

သူ၏ဖခင်မှာ ချန်အန်းမြို့သို့ ပြောင်းရွှေ့သွားခဲ့ပြီ ဖြစ်ပါသည်။

ဤတွင် ...

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လိန်မြို့သည် ရှောင်ကျင်းအတွက် သူစိမ်းပြင်ပြင် ဖြစ်လာရပြန်လေတော့သည်။

ရှောင်ကျင်း စိတ်ပျက်သွားသည်။

ဝမ်လိန်မြို့၌ နေ၍မဖြစ်ဘဲ ချန်အန်းမြို့သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်ရလေသည်။

⁂



မည်သို့ဆိုစေ ...

ဝမ်လိန်မြို့သို့ ရောက်တုန်းရောက်ခိုက် သူ၏တစ်ဦးတည်းသောသူငယ်ချင်းဖြစ်သည့် ကောင်းတုံနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေသည်။

ကောင်းတုံ၏မိဘများသည် ဝမ်လိန်မြို့အရှေ့ဘက်တွင် ထမင်းဆိုင်ဖွင့်လှစ်ထားသည်။

ရှောင်ကျင်းက ထိုထမင်းဆိုင်သို့ရောက်သွားသောအခါ ကောင်းတုံနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံခဲ့ရလေသည်။

ရှောင်ကျင်းက ထမင်းဆိုင်ထဲသို့ လှမ်းဝင်လိုက်လေ၏။ ဆိုင်လုလင်တစ်ယောက်က ပျူပျူငှာငှာ ကြိုဆိုလာသည်။

"ကြွပါ အစ်ကိုလေး ... ကြွပါ"

ရှောင်ကျင်းအား နေရာထိုင်ခင်းပေးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာများသုံးဆောင်မလဲ ... အမိန့်ရှိပါ ခင်ဗျာ"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"ထမင်းနဲ့ဟင်း နှစ်ပွဲလောက် ယူခဲ့ပါ၊ ဒါထက် ကောင်းတုံ ရော ရှိသလား"

"အစ်ကိုလေး ... ကောင်းတုံ ရှိပါတယ်ခင်ဗျာ"

"ကောင်းပြီ ... သူ့ကို ကျုပ်ဆီ လွှတ်လိုက်ပါ"

"ခင်ဗျာ"

"ရှောင်ကျင်းက သူ့ကို တွေ့ချင်တာလို့ ပြောလိုက်ပါ"

"ဟုတ် ... ဟုတ်ကဲ့ပါ"

ဆိုင်လုလင် ချက်ချင်းထွက်သွားသည်။

စားသောက်ဖွယ်ရာ များကို ချက်ချင်းယူလာပေးပြီး ...

"အစ်ကိုလေးကောင်းတုံ လာပါလိမ့်မယ် ခင်ဗျာ"

ဟု ပြောလေသည်။

ရှောင်ကျင်းက စားသောက်ရင်း စောင့်ဆိုင်းနေလိုက်လေသည်။

✳

အမှန်တော့ ...

ရှောင်ကျင်းသည် ငယ်စဉ်ကပင် ရေခဲတောင်ပေါ်၌ အနေများခဲ့သဖြင့် ဝမ်လိန်မြို့မှလူများသည် မြို့စားကြီးရှောင်ဖုံးထံတွင် သားတစ်ယောက်ရှိမှန်း သိရှိထားကြသည်။

သို့သော် ...

ရှောင်ကျင်းအား တွေ့ဖူးမြင်ဖူးသူ ရှားလှပေသည်။

ရှောင်ကျင်းသည် ဖခင်ထံသို့ တစ်နှစ်တစ်ခေါက် ပြန်လာသော်လည်း လေးငါးဆယ်ရက်ခန့်နေထိုင်ပြီး ရေခဲတောင်သို့ ပြန်သွားတတ်သည် မဟုတ်ပါလား။

ရှောင်ကျင်းနှင့်ကောင်းတုံတို့သည် ငယ်စဉ်ကတည်းက ကစားဖော်များ ဖြစ်ခဲ့၍သာလျှင် ကြီးပြင်းလာသည်အထိ ခင်မင်နေကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ဖခင်ထံသို့ ပြန်လာသည့်အချိန်မျိုးတွင် ကောင်းတုံထံသို့ လာရောက်လည်ပတ်လေ့ရှိသည်။

ယခု ...

ရှောင်ကျင်း ကြာကြာမစောင့်လိုက်ရပါ။

ကောင်းတုံ ခပ်သွက်သွက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

*



ရှောင်ကျင်း ...။

ရှောင်ကျင်းသည် သာမန်လူငယ်တစ်ယောက်အသွင် ဝတ်ဆင်ထားပါသည်။

မြို့စားသားတစ်ယောက်၏အဆောင်အယောင်မျိုး မရှိချေ။

ထို့ကြောင့် အခြားသူများက သူ့အား သတိမပြုမိဘဲ အမှုမဲ့အမှတ်မဲ့ ရှိနေကြသည်။

ကောင်းတုံ ...။

ကောင်းတုံသည်ကား ရှောင်ကျင်းကို တွေ့ရလျှင် ချက်ချင်းမှတ်မိသွားလေသည်။

"သခင်လေး ဘယ်တုန်းက ရောက်လာလဲ၊ ဆိုင်လုလင်က လာပြောလို့ ကျုပ်တောင် အံ့ညြသွားမိတယ် ...၊

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးနေလို့ ချက်ချင်းထွက်မလာနိုင်တာကို ခွင့်လွှတ်ပါ သခင်လေး"

နှုတ်ဆက်ရင်း တောင်းပန်စကား ပြောလာလေသည်။

ရှောင်ကျင်းက ...

"ကိစ္စမရှိပါဘူးလေ၊ ကဲ ... ထိုင်စမ်းပါဦး"

ကောင်းတုံက ရှောင်ကျင်းနှင့်မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။

ယခု ...

သူတို့သည် အသက်နှစ်ဆယ်ကျော်အရွယ် လူငယ်လူရွယ်များ ဖြစ်လာကြချေပြီ။

ငယ်စဉ်ကလို လမ်းပေါ်ပြေးလွှားဆော့ကစားကြသည့် အရွယ်မျိုး မဟုတ်တော့ချေ။

ရှောင်ကျင်းက ...

"ငါက မြို့ကို ပြန်ရောက်လာတာနဲ့ မင်းဆီကို တန်းပြီးလာခဲ့တာကွ"

ဟု ပြောလိုက်သည်။

ကောင်းတုံက ...



"သြော် ... အင်း ... အင်း"

ရှောင်ကျင်းသည် ကောင်းတုံကိုကြည့်ကာ မျက်မှောင်ကြုတ်သွား၏။

အကြောင်းကား ...

⁜

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကား ...

ကောင်းတုံသည် ခါတိုင်းကဲ့သို့ ဝမ်းသာအားရ ဖြစ်ပုံမပေါ်ပါ။

ထို့အပြင် ...

စိုးရိမ်သောအသွင်ဖြင့် ပတ်ဝန်းကျင်ကို ကြီးကန်းတောင်းမှောက် ကြည့်နေသေး၏။

တစ်စုံတစ်ခုသော ထူးခြားချက်တစ်ခုခုရှိနေပြီဖြစ်ကြောင်း ရှောင်ကျင်း ရိပ်မိလိုက်သည်။

ကောင်းတုံကို အကဲခတ်ရင်း ...

"ကောင်းတုံ ... မင်း ဘာဖြစ်နေတာလဲ"

ဟု မေးလိုက်လေသည်။

ကောင်းတုံ ခေါင်းခါယမ်းလိုက်သည်။



"ဘာ ... ဘာမှမဖြစ်ပါဘူးဗျာ"

ရှောင်ကျင်းက ...

"ဘာမှမဖြစ်ဘူးသာဆိုတယ် မင်းပုံစံက တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေတဲ့ အသွင်မျိုးပါလား"

"ကျုပ် ... ကျုပ်"

"မင်း ဘာဖြစ်နေတာလဲ ... ပြောစမ်းပါဦး"

ကောင်းတုံက တံတွေးမျိုချလိုက်ပြီး ...

"သခင်လေး ... ဘာကြောင့် မြို့ကိုပြန်လာရတာလဲ ... အန္တရာယ်များလှပါတယ်"

ဟု ပြောလိုက်လေသည်။

✳

www.burmeseclassic.com

www.burmeseclassic.com



“ဘာ”

ရှောင်ကျင်း အံ့ဩသွားလေသည်။

“ဘာပြောတယ် ... အန္တရာယ်များလှတယ် .. ဟုတ်လား”

“ဟုတ် ... ဟုတ်ပါတယ် သခင်လေး”

ရှောင်ကျင်းက ...

“ကောင်းတုံ ... မင်း ဘာတွေပြောနေတာလဲ၊ ငါ့အဖေဟာ ဒီမြို့ကိုအုပ်ချုပ်တဲ့ မြို့စားကြီးတစ်ယောက်ပါ၊ ဘာကြောင့်များ ငါ့အတွက် အန္တရာယ်များရမှာလဲ”

ကောင်းတုံက ခေါင်းခါယမ်းလိုက်လေသည်။

“မဟုတ်သေးဘူး ... အခြေအနေတွေက ပြောင်းလဲနေပြီ”

“ဘာကွ”

“သခင်လေးရဲ့အဖေအကြောင်းကို သခင်လေး မသိသေး



ဘူးလား”

ရှောင်ကျင်း ရင်ထိတ်သွားသည်။

“ဖေဖေ ... ဟုတ်လား၊ ဖေဖေက ဘာဖြစ်လို့လဲ”

“သ ... သခင်လေးရဲ့အဖေဟာ”

ကောင်းတုံ စကားဆုံးအောင်မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

ထိုင်ရာမှထကာ ...

“သခင်လေး ခဏနေဦးနော်၊ ကျုပ် အခုပဲပြန်လာမယ်၊ မီးဖိုဆောင်မှာ အသားဟင်းချက်ထားတာ ကျုပ် သွားကြည့်ဦးမှဖြစ်မယ်၊ အလုပ်သမားတွေနဲ့ လွှဲထားလို့မရဘူး”

ဟု ပြောကာ ကတိုက်ကရိုက် ထွက်သွားသည်။

ဆိုင်အနောက်ဘက်သို့ရောက်ရှိသွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ထမင်းဟင်းများကို ဆက်ပြီးစားသောက်နိုင်ခြင်း မရှိတော့ပါ။

တစ်စုံတစ်ခုသောပြဿနာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း နားလည်ထားလေသည်။

"ဘာတွေဖြစ်ကုန်ပြီလဲ"

ဟုသာ တွေးနေမိတော့သည်။

ထိုစဉ် ...

'တူး ... တူး'

ခရာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်းက ပြတင်းပေါက်မှတစ်ဆင့် လှမ်းကြည့်လိုက်သည်။



ထိုအခါ ...

ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားကြသော မြင်းသည်တော်များသည် ထမင်းဆိုင်ရှေ့မှ ဖြတ်သန်းသွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းသည်တော်များသည် အလံများကိုလည်း ကိုင်ဆောင်ထားကြရာ အလံတစ်ခုပေါ်တွင် ...

"တောင်ပိုင်းနယ်စား"

ဟူသော စာလုံးမည်းကြီးများ ရေးသားထားသည်ကို အထင်းသား တွေ့မြင်ရလေသည်။

ရှောင်ကျင်း အံ့သြသွားလေသည်။

"တောင်ပိုင်းနယ်စားကြီးရဲ့ တပ်ဖွဲ့တွေက ဘယ်လိုလုပ်ပြီး ဝမ်လိန်မြို့ထဲကို ရောက်လာရတာလဲ"

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ် ...

ထမင်းဆိုင်ထဲ၌ စားသောက်နေကြသူများ၏ စကားသံများ ထွက်ပေါ်လာလေသည်။

"တောင်ပိုင်းနယ်စားကြီးရဲ့ တပ်ဖွဲ့တွေက လူဆိုးဓားပြတွေ

www.burmeseclassic.com

www.burmeseclassic.com



ပုန်ကန်ခြားနားမယ့်လူတွေကို လိုက်လံရှာဖွေဖမ်းဆီးဖို့ ခရီးထွက်ကြပြန်ပြီထင်တယ်"

"ဟုတ်တယ်ကွ၊ ဒီတစ်ခါတော့ ရေခဲတောင်တန်းတွေဘက်ကို သွားကြမယ်လို့ ပြောသံကြားတယ်"

"အင်း … တို့ဝမ်လိန်မြို့လည်း တောင်ပိုင်းနယ်စားကြီး အုပ်ချုပ်တော့မှပဲ အတော်ကို တင်းကျပ်သွားတာပဲ"

"ဘယ်တော့ဖြစ်ဖြစ် သံသယမျက်လုံးနဲ့ အကြည့်ခံနေရတာကွ၊ သူတို့ကသာ ပုန်ကန်ခြားနားမယ့်လူလို့ သင်္ကာမကင်းဖြစ်ခဲ့ရင် နောက်တစ်နေ့ အဲဒီလူကိုတွေ့ရတော့မှာ မဟုတ်ဘူး"

"ဒုက္ခရောက်ရသူတွေထဲမှာ ငွေရှိတဲ့လူက ပိုဆိုးတာပေါ့၊ ဘုမသိဘမသိ အဖမ်းခံရတယ်၊ ပစ္စည်းဥစ္စာတွေ အသိမ်းခံရတယ်၊ တောင်ပိုင်းနယ်စားကြီးရဲ့လုပ်ရပ်တွေကို ကျုပ်တော့ သဘောမကျဘူး၊ ထင်ရာစိုင်းတဲ့သဘောမျိုး ဖြစ်နေတယ်"

"ရှူး … တိုးတိုးပြော၊ တော်ကြာ တောင်ပိုင်းနယ်စားရဲ့လူတွေ ကြားသွားလို့ ဒုက္ခရောက်နေဦးမယ်"

ထို့နောက် စကားသံများ တိတ်ဆိတ်ကွယ်ပျောက်သွားလေသည်။



ရှောင်ကျင်းသည် ကြားလိုက်ရသော စကားများကြောင့် အံ့ဩသွားလေသည်။

"ဝမ်လိန်မြို့ဟာ မြို့ငယ်လေးတစ်ခုပါ၊ တောင်ပိုင်းနယ်စားကိုယ်တိုင် အုပ်ချုပ်နေတာ အံ့ဩစရာပဲ"

သူက တွေးတောနေစဉ်မှာပင် ကောင်းတုံ ပြန်လည်ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းတုံ၏မျက်နှာ ပြုံးရွှင်နေသည်။

ထွက်သွားစဉ်ကကဲ့သို့ မဟုတ်တော့ပါ။

ရှောင်ကျင်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပြီး ...

"ဟင်းအိုးတော့ ကျက်သွားပြီ၊ ကဲ သူငယ်ချင်း ... စား၊ ဘာမှအားမနာနဲ့"

ရှောင်ကျင်းက ...

"နေပါဦး ... တို့မြို့လေးကို တောင်ပိုင်းနယ်စားကြီးက အုပ်ချုပ်နေတယ် ...ဟုတ်လား"

ဟု မေးလိုက်လေသည်။

ကောင်းတုံက ...

"နယ်စားကြီး အုပ်ချုပ်နေတယ်လို့ အမည်ခံထားတာပါ၊ တကယ်တော့ သူ့ရဲ့တပည့်တွေက အုပ်ချုပ်နေတာပါ"



ရှောင်ကျင်းက ...

"အခြေအနေကြည့်ရတာ သိပ်ဟန်ပုံမပေါ်ဘူး၊ ဒီမှာ ဘာတွေဖြစ်နေပြီလဲဆိုတာ ပြောစမ်းပါဦး"

"ဩ"

ကောင်းတုံသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ကျယ်လောင်သောခြေသံများကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း လှမ်းကြည့်လိုက်သောအခါ တောင်ပိုင်းနယ်စား၏လူများ ဆိုင်ထဲသို့ ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများသည် ရှောင်ကျင်းတို့အနီးသို့ ရောက်လာကြသည်။

တောင်ပိုင်းနယ်စား၏လူများကို ဦးဆောင်လာသူက ကောင်းတုံကိုကြည့်လိုက်ပြီး ...

"မင်းပြောတာ သူလား"

ရှောင်ကျင်းကိုညွှန်ပြကာ မေးလာလေသည်။

ကောင်းတုံက ...

"ဟုတ် ... ဟုတ်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက သူ၏လူများကို လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"ဒီကောင့်ကို ဖမ်းလိုက်ကြစမ်း"

ဟု အမိန့်ပေးလိုက်လေသည်။

ရှောင်ကျင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ခင်ဗျားတို့ ဘာသဘောလဲဗျ"

ဟု မေးလိုက်၏။

ခေါင်းဆောင်လုပ်သူက ...

"ဘာသဘောရမလဲ ... မင်းကို ဖမ်းတာပေါ့"

ရှောင်ကျင်းက ...

"ဟေ့လူတွေ ... ခင်ဗျားတို့ ရူးနေကြပြီလား၊ ကျုပ်ဟာ ဝမ်လိန်မြို့စားကြီး ရှောင်ဖုံးရဲ့သား ရှောင်ကျင်းဗျ"

ဟု ပြောလိုက်သည်။

ခေါင်းဆောင်လုပ်သူက ...

"အေး ... မင်းက ရှောင်ကျင်းမို့ ဖမ်းရတာပဲ"

"ဘာဗျ"

"မင်းအဖေရှောင်ဖုံးဟာ ဘုရင်မင်းမြတ်ကို တော်လှန်ပုန်ကန်နေတဲ့လူတွေနဲ့ ဆက်သွယ်နေလို့ ဖမ်းဆီးအရေးယူထားလိုက်ပြီ၊



မင်းအဖေနဲ့ ပတ်သက်နေသူတွေကိုလည်း ဖမ်းဆီးဖို့ အမိန့်ထုတ်ထားတယ်၊ အေးအေးဆေးဆေး အဖမ်းခံပေတော့"

ရှောင်ကျင်းက ...

"ဘာပြောတယ် ... ကျုပ်အဖေကို ဖမ်းထားတယ် ... ဟုတ်လား"

"ဟုတ်တယ် ... မင်း အေးအေးဆေးဆေးသာ လိုက်ခဲ့ပေတော့"

ရှောင်ကျင်းသည် ဖခင်အတွက် စိုးရိမ်ပူပန်သွားလေသည်။

ထို့ကြောင့် ...

တောင်ပိုင်နယ်စား၏လူများနှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လိန်မြို့စားဂေဟာ...။

မြို့စားဂေဟာသည် ရှောင်ကျင်း၏အိမ် ဖြစ်လေသည်။

သို့သော် ...

ယခုအချိန်တွင် မြို့စားဂေဟာသည် ရှောင်ကျင်းအတွက် အကျဉ်းထောင်တစ်ခု ဖြစ်သွားချေပြီ။

တောင်ပိုင်းနယ်စား၏လူများသည် ရှောင်ကျင်းအား မြေတိုက်အကျဉ်းခန်းတွင် ချုပ်နှောင်ထားလိုက်ပြီ ဖြစ်လေသည်။

အကျဉ်းခန်းအတွင်း၌ ရှောင်ကျင်းကဲ့သို့ပင် အဖမ်းခံနေရသူအချို့ ရှိနေပါ၏။

ရှောင်ကျင်းရောက်လာသောအခါ ထိုလူများက ...

"ဟေ့ ... မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာတွေများ လုပ်ခဲ့လို့လဲ"



လူတစ်ယောက်က မေးလာလေသည်။

ရှောင်ကျင်းက ...

"ကျုပ်က ဘာမှမလုပ်ဘူး၊ သူတို့ဘာသာ ဖမ်းချင်လို့ ဖမ်းလာကြတာ"

ဟု စိတ်တိုတိုဖြင့် ပြောလိုက်လေသည်။

ထိုလူများ ရယ်မောလိုက်ကြသည်။

"ဟား ဟား ဟား ... တစ်ယောက်တိုးလာပြန်ပြီဟေ့"

ဟု ပြောကြလေသည်။

ရှောင်ကျင်းက ...

"ခင်ဗျားတို့ ဘာပြောတာလဲ"

အဖမ်းခံနေရသူများအနက် တစ်ယောက်က ...

"သြော် ... တောင်ပိုင်းနယ်စားရဲ့လူတွေက စိတ်မထင်ရင် မထင်သလို တွေ့တဲ့လူကို ဖမ်းဆီးကြတာကွ"

ရှောင်ကျင်းက ...

"သူတို့ထင်တိုင်း လုပ်လို့ရမလားဗျ"

ထိုလူက ...

"ထင်တိုင်းလုပ်လို့ရလို့ မင်းတောင် ဒီနေရာကို ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ မဟုတ်လား"

ရှောင်ကျင်းက ...

"ကျုပ်"

သူက ပြန်ပြောစရာ စကားရှာမရသဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ထိုလူက ...

"မြို့စားကြီး ရှောင်ဖုံးလက်ထက်က တို့ဝမ်လိန်မြို့ဟာ အေးချမ်းသာယာခဲ့သလောက် ခုတော့ ငရဲကျသလို ဖြစ်နေရပြီ၊ မြို့စားကြီးကို သတိရလိုက်တာ"

ဟု ရေရွတ်လိုက်လေသည်။

ရှောင်ကျင်းက ထိုလူကို စိုက်ကြည့်လိုက်လေသည်။

ထိုလူကပင် ...

"မြို့စားကြီးဟာ ရာထူးတက်ပြီး ချန်အန်းမြို့ကို ပြောင်းသွားရတယ်၊ သိပ်မကြာပါဘူး ... ဘုရင်မင်းမြတ်ကို တော်လှန်ပုန်ကန်ဖို့ ကြံစည်စားတယ်ဆိုပြီး အဖမ်းခံလိုက်ရတယ်လို့ သတင်းကြားရတာပဲ"

ရှောင်ကျင်းက ...



"မဖြစ်နိုင်တာ ... ဖေဖေဟာ ဒီလိုသစ္စာမဲ့တဲ့လုပ်ရပ်မျိုးကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဗျ"

ဟု အော်ပြောလိုက်သည်။

ရုတ်တရက် ဆူဆူညံညံအသံများ တိတ်ဆိတ်သွားလေသည်။

အကျဉ်းသားအားလုံးသည် ရှောင်ကျင်းကို လှမ်းကြည့်လာကြသည်။

ရှောင်ကျင်းက ...

"ကျုပ်အဖေဟာ ဝမ်လိန်မြို့ အေးချမ်းသာယာအောင် နှစ်ပေါင်းများစွာ စီမံအုပ်ချုပ်လာခဲ့တယ်၊ တရားဥပဒေနဲ့အညီ အမှုအခင်းတွေကို စီမံတယ်၊ မြို့သူမြို့သားတွေအပေါ် ကျောသားရင်သားမခွဲခြားဘဲ အုပ်ချုပ်တယ်၊ နေပြည်တော်ကို အခွန်ဘဏ္ဍာ မှန်မှန်ဆက်သတယ်၊ သူခိုးဓားပြတွေကို နှိမ်နင်းတယ်၊ တိုင်းပြည်နဲ့လူမျိုးအပေါ်၊ ကိုယ့်အရှင်သခင်အပေါ် ဘယ်လောက်သစ္စာရှိခဲ့တယ်ဆိုတာ လူတိုင်းသိကြတယ်၊ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်တောင် သိတော်မူပါတယ်၊ ဖေဖေဟာ ပုန်ကန်သစ္စာဖောက်သူလို့ စွပ်စွဲတာဟာ စော်ကားတာနဲ့ အတူတူပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားအဆုံးတွင် အကျဉ်းချုပ်ခံနေရသူများသည် တောင်ပိုင်းနယ်စား၏ မတရားသောလုပ်ရပ်များကို ဝိုင်းဝန်းပြောဆို ရင်ဖွင့်လိုက်ကြလေတော့သည်။

⁂



တောင်ပိုင်းနယ်စား ...။

တောင်ပိုင်းနယ်စားသည် ဝမ်လိန်မြို့အပါအဝင် တောင်ပိုင်းဒေသ၌ရှိသော မြို့ကြီးမြို့ငယ်၊ ရွာကြီးရွာငယ် တစ်ရာကျော်ကို စီမံအုပ်ချုပ်ရသူဖြစ်လေသည်။

ယခုတော့ ...

တောင်ပိုင်းနယ်စားသည် ထင်ရာစိုင်းနေသူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာပြီဖြစ်သည်။

ရှောင်ကျင်းသည် ဖခင်အတွက် စိုးရိမ်ပူပန်လာလေသည်။

ထိုစဉ် ...

'ဂျိမ်း'

ကျယ်လောင်သောအသံနှင့်အတူ အချုပ်ခန်းတံခါး ပွင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းနယ်စား၏လူများက အဘိုးအိုတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာကြပြီး အချုပ်ခန်းထဲသို့ တွန်းထည့်လိုက်သည်ကို တွေ့လိုက်ရလေသည်။

'ဝုန်း'

"အမယ်လေး"

အဘိုးအိုသည် သမံတလင်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ရှောင်ကျင်းသည် ထိုအဘိုးအိုကိုမြင်လျှင် ထိတ်လန့်သွားသည်။

"ဟင် ... ဘဘချင်းယုံ"

ဟုခေါ်ကာ ပြေးပြီး ဖေးမလိုက်လေသည်။

ထိုအဘိုးအို သည် မြို့စားဂေဟာတွင် အိမ်ထိန်းကြီးအဖြစ်လုပ်ကိုင်ခဲ့ဖူးသော ချင်းယုံဖြစ်လေသည်။

ချင်းယုံသည်လည်း ရှောင်ကျင်းကိုမြင်လျှင် မှတ်မိသွားလေသည်။

"ဟင် ... သ ... သခင်လေးပါလား"

"ဟုတ်ပါတယ် ဘဘချင်းယုံ ... ဘယ်လိုဖြစ်လာရတာလဲဗျာ"

ချင်းယုံက ...

"တောင်ပိုင်းနယ်စားရဲ့လူတွေက ကျုပ်တို့ကို လိုက်ပြီး ဖမ်းဆီးနေကြတယ်၊ သခင်ကြီးဟာ ဘုရင်မင်းမြတ်ကို ပုန်ကန်တဲ့လူတွေနဲ့ ပူးပေါင်းနေတယ်ဆိုပြီး အပြစ်ပေးခံရပြီ၊ ခု ကျုပ်ကိုလည်း ဖမ်းမိပြီ၊ သခင်လေးကိုလည်း ဖမ်းထားကြပြီ၊ မကြာခင် ကျုပ်တို့ သုတ်သင်ခံရတော့မယ်"

ရှောင်ကျင်းက ...

"ကျွန်တော်တော့ ဘာကိုမှ နားမလည်နိုင်တော့ဘူး၊ ဖေဖေဟာ သစ္စာဖောက်ခဲ့တယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပဲကွဲ့"

"ဗျာ"

ရှောင်ကျင်းသည် ကြားလိုက်ရသောစကားကို မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

"ဘဘ ဘယ်လိုပြောလိုက်တာလဲဟင်"

ချင်းယုံက ...

"သခင်လေးရဲ့အဖေဟာ ဘုရင်မင်းမြတ်ကို ပုန်ကန်ဖို့ ကြံ



www.burmeseclassic.com

www.burmeseclassic.com



စည်နေတဲ့ ရွှေကြိုးကြာမင်းသားနဲ့ ပူးပေါင်းခဲ့တယ်၊ သူတို့ လျှို့ဝှက်ဆက်သွယ်ခဲ့ကြတာတွေကို တောင်စိုင်းနယ်စားက သက်သေအထောက်အထားတွေနဲ့ ဖော်ထုတ်နိုင်ခဲ့တယ်”

ရှောင်ကျင်း မျက်နှာပျက်သွားပြီး ...

“ကျွန်တော့်ဖေဖေ ဘယ်မှာလဲ”

ဟု မေးလိုက်လေသည်။

ချင်းယုံက ...

“မြို့ ... မြို့စားကြီးဟာ”

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။ ရှောင်ကျင်းက ...

“ဖေဖေ ဘယ်မှာလဲ ... ဘာဘ သိတယ်မဟုတ်လား”

ချင်းယုံ ခေါင်းငုံ့ထားလိုက်လေသည်။

ထိုစဉ် ...

‘ဂျိမ်း’

သံတံခါးကြီးပွင့်သွားသော အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အစောင့်အကြပ်များ ရောက်လာပြီး ...



“ချင်းယုံနဲ့ရှောင်ကျင်း လိုက်ခဲ့ကြ”

ဟု ပြောလာလေသည်။

ချင်းယုံနှင့် ရှောင်ကျင်းတို့အား ကြိုးများဖြင့်တုပ်ကာ ခေါ်ဆောင်သွားကြလေတော့သည်။

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com



## ထွက်ပြေးခြင်း

သင်္ချိုင်းမြေ ...။

သင်္ချိုင်းမြေအတွင်းသို့ လူတစ်စု ရောက်ရှိလာကြလေသည်။

ထိုလူစုအား တောင်ပိုင်းနယ်စားကြီး၏လူယုံတော် ဗိပါ ခေါင်းဆောင်လာခြင်းဖြစ်သည်။

ကြိုးများဖြင့် တုပ်နှောင်ထားသည့် ရှောင်ကျင်းနှင့်ချင်းယုံ တို့အား ခေါ်ဆောင်လာကြလေသည်။

ယခု ...

မိမိတို့အား အဘယ်ကြောင့် သင်္ချိုင်းမြေသို့ ခေါ်ဆောင်လာကြသည်ကို ရှောင်ကျင်း နားလည်သဘောပေါက်သွားပြီဖြစ်လေသည်။

တောင်ပိုင်းနယ်စား၏လူယုံတော် ဗိပါတို့သည် မိမိတို့အား



သစ္စာဖောက်များဟု စွပ်စွဲကာ မတရားသုတ်သင်ပစ်ကြတော့မည် ဖြစ်လေသည်။

ရှောင်ကျင်း ခံပြင်းလာသည်။ သူသည် ဘုမသိဘမသိ အဖမ်းခံနေရခြင်းဖြစ်သည်။

သူ၏ဖခင်က သစ္စာဖောက်သည်ဆိုခြင်းကိုလည်း လက်မခံနိုင်ပါ။

တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း နားလည်လာမိသည်။

သစ္စာဖောက်တစ်ယောက်အဖြစ် အထင်အမြင်လွဲမှားကာ သုတ်သင်ခြင်းခံရမည်ကို မလိုလားပါချေ။

ထိုစဉ် ...

ဗိပါက လက်ဝှေ့ယမ်းပြလိုက်လေသည်။

အစောင့်အကြပ်များသည် ချင်းယုံကို ဆွဲထုတ်ယူသွားကြလေသည်။

ချင်းယုံက ...

"ကျုပ် ... ကျုပ်ကို မသတ်ကြပါနဲ့၊ ကျုပ်ကို ချမ်းသာပေးကြပါ"

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်တောင်းပန်လိုက်လေသည်။

ဝိပါက ...

"ကောင်းပြီ ... မြို့စားကြီးရှောင်ဖုံးဟာ ဘုရင်မင်းမြတ်အပေါ် သစ္စာဖောက်ပြီး ရွှေကြိုးကြာမင်းသားနဲ့ ဆက်သွယ်ခဲ့တယ် မဟုတ်လား"

ချင်းယံ့က ...

"ဟုတ် ... ဟုတ်ပါတယ်ဗျာ"

သူက အသက်ဘေးမှ လွတ်လိုလွတ်ငြား ဝန်ခံလိုက်ခြင်း ဖြစ်သည်။

သို့သော် ...

ဝိပါသည် ချမ်းသာမပေးသည့်အပြင် ...

"သူ့ကို အဆုံးစီရင်လိုက်တော့"

ဟု အမိန့်ပေးလိုက်လေသည်။

"အမယ်လေး"

ချင်းယံ့ ငယ်သံပါအောင် အော်ဟစ်လိုက်လေသည်။

ထိုအချိန်မှာပင် ...

'ဒုတ်'



အာဏာပါးကွက်သားတစ်ယောက်၏ ဓားမကြီးသည် အဘိုးအိုချင်းယံ့၏လည်ကုပ်ပေါ်သို့ ဒုတ်ခနဲ ကျရောက်သွားလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း မျက်နှာပျက်သွားလေသည်။

အိမ်ထိန်းကြီး ချင်းယုံမှာ မရှုမလှ သေပွဲဝင်သွားရပြီ မဟုတ်ပါလား။

ယခု ...

သူ၏ အလှည့်သို့ ကျရောက်လာတော့မည် ဖြစ်လေသည်။

ဝိပါက ...

"မင်းရော ဘာပြောချင်သေးသလဲ"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"ကျုပ်အဖေဟာ သစ္စာဖောက် မဟုတ်ဘူးဗျ"

ဟု ပြောလိုက်သည်။

"ဟား ဟား ဟား"



ဝိပါက ဟားတိုက်ရယ်မောလိုက်လေသည်။

ရှောင်ကျင်းက ...

"ကျုပ်အဖေ ဘယ်မှာလဲ ... ကျုပ် အဖေနဲ့ တွေ့ချင်တယ်"

ဟု ပြောလိုက်ပြန်သည်။

ဝိပါက ...

"မင်းအဖေနဲ့တွေ့ချင်ရင် တွေ့ရမှာပါကွာ ... မပူပါနဲ့၊ မင်း အဖေက ငရဲပြည်မှာ အရင်စောင့်နေပြီ၊ မင်းလည်း လိုက်သွားပေတော့"

စကားဆုံးလျှင် အာဏာပါးကွက်သားများကို လက်ဟန့်ယမ်းပြလိုက်လေသည်။

အာဏာပါးကွက်သားတစ်ယောက်က ရှောင်ကျင်းအား ဓားမကြီးဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

"ယား"

ရှောင်ကျင်းက ဗြာသံပေးပြီး တအားရုန်းလိုက်လေသည်။

'ထောက် ... ထောက် ... ထောက်'

သူ၏ခန္ဓာကိုယ်တွင် တုပ်နှောင်ထားသောကြိုးများ အပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းပြတ်တောက်သွားလေသည်။

ရှောင်ကျင်းသည် တစ်ခဏအတွင်းမှာပင် အနှောင်အဖွဲ့မှ လွတ်မြောက်သွားလေသည်။

ရှောင်ကျင်းက ပြုံးသံပေးကာ ခုန်ထလိုက်သည်။

ထို့နောက် ...

အနီးတွင်ရှိနေသော ဇီပါ၏လူများအား တိုက်ခိုက်လိုက်လေသည်။

သူသည် သိုင်းကဝိကျူးစင်ထံ၌ နှစ်ပေါင်းများစွာ ပညာသင်ကြားလာခဲ့သူဖြစ်သည်။

ထို့ကြောင့် ...

သူ၏သိုင်းပညာသည် ထက်မြက်နေပြီး တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ရှောင်ကျင်းက တိုက်ခိုက်လိုက်သည်နှင့် ...

'ဝုန်း'

"အား"

"အမယ်လေး"

"သေပါပြီဗျ"



စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ ဇီပါ၏လူများ ဖရိုဖရဲ လွင့်စဉ်ကုန်လေတော့သည်။

ဇီပါ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ရှောင်ကျင်းအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ရှောင်ကျင်းက ...

"ခင်ဗျားက ဘယ်ပြေးမလဲ"

ဇီပါအား တိုက်ခိုက်လိုက်လေသည်။

ဇီပါ ကပျာကယာ နောက်ဆုတ်လိုက်သည်။ ထို့နောက် ကြောက်လန့်တကြား ထွက်ပြေးသွားလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတုံ၏ထမင်းဆိုင်သည် လူစည်ကားနေသည်။

ကောင်းတုံသည် ရောင်းကောင်းသဖြင့် ဝမ်းသာမဆုံးဖြစ်နေ၏။

ယနေ့သည် သူ့အတွက် ငွေရှင်သောနေ့ဖြစ်လေသည်။

ဈေးရောင်းကောင်းသည့်အပြင် နံနက်ပိုင်းက ငွေရပေါက်တစ်ခု တိုးခဲ့သည်မဟုတ်ပါလား။

သခင်လေးရှောင်ကျင်းသည် သူ့ထံသို့ ရောက်လာခဲ့လေသည်။ သူက ဝိပါထံသို့ သတင်းပို့လိုက်သည်။

သခင်လေးရှောင်ကျင်းအား ဖမ်းဆီးနိုင်သဖြင့် ဝိပါက သူ့အား ဆုငွေပေးခဲ့လေသည်။

ကောင်းတုံသည် ငွေမျက်နှာတစ်ခုတည်းကိုသာကြည့်သော စီးပွားရေးသမားတစ်ယောက်ဖြစ်နေချေပြီ။



ထိုအချက်ကို သခင်လေးရှောင်ကျင်း မသိခဲ့ပါတကား။

ကောင်းတုံက ငွေများ ရေတွက်နေစဉ်မှာပင် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် လှမ်းကြည့်လိုက်ရာ ဝိပါတို့လူစု ဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။

ကောင်းတုံက ပျာပျာသလဲ သွားရောက်ကြိုဆိုလိုက်လေသည်။

"ဩော် ... ဆရာကြီးဝိပါ ရောက်လာတာကိုး၊ ကြွပါဗျာ ကြွပါ"

ဝိပါက ...

"ရှောင်ကျင်းကော"

ခရီးရောက်မဆိုက် မေးလာလေသည်။

"ဗျာ"

ကောင်းတုံ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ဝိပါက ဆိုင်ထဲတစ်ချက် ဝေ့ကြည့်လိုက်ပြီး ...

"ရှောင်ကျင်း ဘယ်မှာလဲ"

ဟု ထပ်မေးလိုက်သည်။

ကောင်းတုံ ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မသိပါဘူးဗျာ၊ ဆရာကြီးဝိပါတို့ပဲ ဖမ်းခေါ်သွားကြပြီ မဟုတ်လား"

"သူ ထွက်ပြေးသွားပြီ"

"ဗျာ"

"သူက မင်းဆီကို ရောက်လာသေးတယ် မဟုတ်လား"

ကောင်းတုံက ...

"မ ... မလာပါဘူး ခင်ဗျာ"

"မင်း မလိမ်နဲ့"

"ကျွန်တော် မလိမ်ဝံ့ပါဘူးခင်ဗျာ၊ ကျွန်တော့်ကို ချမ်းသာပေးပါ"

ကောင်းတုံသည် ကြောက်လန့်တကြားဖြင့် ကြမ်းပြင်ပေါ် ဒူးထောက်ကာ တောင်းပန်လိုက်လေတော့သည်။

ဝိပါ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ မင်းက ငါတို့ကို ကူညီမယ်ဆိုရင်တော့ မင်းကို ချမ်းသာပေးရမှာပေါ့"

ကောင်းတုံ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကျွန် ... ကျွန်တော် ကူညီပါ့မယ်ဗျာ"



ဝိပါက ...

"ကဲ ... မင်း ဘာလုပ်ရမယ်ဆိုတာ ငါ ပြောပြမယ်၊ သေသေချာချာ နားထောင်ပါ"

သူ၏အစီအစဉ်ကို ပြောပြလိုက်လေတော့သည်။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com



## ထောင်ချောက်ထဲမှသားကောင်

ည ...

ကောင်းကင်ပေါ်တွင် လဝင်းထိန်ထိန်သာနေသည်။

လရောင်အောက်တွင် ဝန်းကျင်ဝာစ်ခုလုံး သာယာလှပနေ
သည်။

ညဥ့်နက်လာပြီဖြစ်ရာ ဝမ်လိန်မြို့လေးသည် တိတ်ဆိတ်
သက်ကာ အိပ်မောကျနေပြီဖြစ်လေသည်။

ထို့အတူ ...

ကောင်းတုံ၏ထမင်းဆိုင်လေးသည်လည်း ညအမှောင်ထု
ာက်တွင် တံခါးပိတ် မီးမှိတ်ကာ ငြိမ်သက်နေ၏။

အကယ်၍ ...

သေသေချာချာ သတိထားကြည့်မည်ဆိုပါလျှင် ကောင်းတုံ
း ဆိုင်ပတ်ဝန်းကျင်တွင် ဝိပါတို့လူစုက လျှို့ဝှက်စွာ ပုန်းအောင်း



စောင့်ဆိုင်းနေကြမည်ကို တွေ့မြင်ရလိမ့်မည်ဖြစ်လေသည်။

ဝိပါသည် ရှောင်ကျင်းက ကောင်းတုံထံသို့ လာလိမ့်မည်ဟု
တစ်ထစ်ချ ယုံကြည်ထားလေသည်။

ကောင်းတုံက ရှောင်ကျင်းအား ရောင်းစားခဲ့သည် မဟုတ်
ပါလား။

ရှောင်ကျင်းသည် ထိုအချက်ကို မကျေနပ်နိုင်ဘဲ ကောင်းတုံ
အား လာပြီးဆုံးမလိမ့်မည်ဟု တွက်ဆထားခြင်းဖြစ်သည်။

ဝိပါသည် ရှောင်ကျင်းအား တွေ့ရသည့်သတင်းကို တောင်
ပိုင်းနယ်စားထံ သတင်းပေးပို့လိုက်သည်။

ရှောင်ကျင်းသည် သိုင်းသမားတစ်ယောက်ဖြစ်နေ၍ ဖမ်း
ဆီးရန်မလွယ်ကြောင်းလည်း တင်ပြလိုက်သည်။

ဤတွင် ...

တောင်ပိုင်းနယ်စားသည် လက်ရွေးစင်တပ်ဖွဲ့တစ်ဖွဲ့ စေ
လွှတ်ပေးလိုက်လေသည်။

⁂

www.burmeseclassic.com

www.burmeseclassic.com



ယခု ...

ဝိပါနှင့် လက်ရွေးစင်တပ်ဖွဲ့သည် ကောင်းတုံထမင်းဆိုင် အနီး၌ ပုန်းအောင်းကာ ရှောင်ကျင်း ရောက်ရှိလာမည့်အချိန်ကို စောင့်ဆိုင်းနေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။ ညသန်းခေါင်အချိန်သို့ ရောက်ရှိလာသည်။

ထိုစဉ် ...

'ဂစ်'

အဝေးမှ ညဥ့်ငှက်တစ်ကောင်၏အော်မြည်သံ ထွက်ပေါ်လာလေသည်။

ဝိပါ ဆတ်ခနဲ ခေါင်းထောင်လာသည်။ ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။



ထိုအခါ ...

လမ်းကြားတစ်ခုအတွင်းမှ လူရိပ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝိပါ ကျေနပ်သွားသည်။

"သူ လာနေပြီ"

ဟု တီးတိုးပြောလိုက်သည်။

သူ၏အဖွဲ့ဝင်အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

မှန်ပေသည် ...။

ထွက်ပေါ်လာသော လူရိပ်သည် ကောင်းတုံထမင်းဆိုင်သို့ ဦးတည်ကာ လျင်မြန်စွာ ရွေ့လျားလာနေသည်။

မကြာပါချေ ...။

ကောင်းတုံ ထမင်းဆိုင်ရှေ့သို့ ရောက်ရှိလာလေတော့သည်။

⁂

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း ခံပြင်းဒေါသထွက်နေသည်။

သူ၏ဖခင်သည် သစ္စာဖောက်အဖြစ် စွပ်စွဲခံရသည်။

သူ့ကိုလည်း ငယ်သူငယ်ချင်းဖြစ်သော ကောင်းတုံက ရောင်းစားခဲ့သည်။

ရှောင်ကျင်းသည် သချိုင်းမြေ၌ လွတ်မြောက်သွားပြီး နောက် ကောင်းတုံအား ဆုံးမရန် ဆုံးဖြတ်ထားခဲ့လေသည်။

ညသန်းခေါင်အချိန်တွင် မြို့ထဲသို့ တိတ်တဆိတ် ပြန်ဝင်လာ ကာ ကောင်းတုံနှင့်စာရင်းရှင်းရန် လာခဲ့ခြင်း ဖြစ်လေသည်။

ရှောင်ကျင်းသည် ထမင်းဆိုင်ရှေ့သို့ ရောက်လာသောအခါ ဒေါသထွက်လာပြီး တံခါးအား ခြေထောက်ဖြင့် ကန်ကျောက်ပိတ်ပစ် လိုက်လေသည်။

'ဝုန်း'



ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။ အိမ်တံခါး ပွင့်ထွက်သွားလေသည်။

ရှောင်ကျင်းသည် အိမ်ထဲ ခုန်ဝင်လာပြီး...

"ကောင်းတုံ ... မင်း ဘယ်ပြေးမလဲ"

ဟု အော်ငေါက်လိုက်လေသည်။

ရှောင်ကျင်းမှာ သိုင်းပညာ တတ်မြောက်ထားသည် မှန် သော်လည်း အတွေ့အကြုံလုံးဝမရှိသူ ဖြစ်လေသည်။

ထို့ကြောင့် ...

သူက ကောင်းတုံထံသို့ ပြန်လာလျှင် ဝိပါဝို့က ရိပ်မိမည်ကို မတွေးနိုင်ခဲ့ချေ။

ရှောင်ကျင်း၏အသံနှင့် မရှေးမနှောင်းမှာပင် ...

"ရှောင်ကျင်း ... ငါ ဒီမှာရှိပါတယ်"

ကောင်းတုံ၏အသံ ထွက်ပေါ်လာသည်။

မီးရောင်များလည်း ထွက်ပေါ်လာပြီး တစ်ဆိုင်လုံး လင်း ထိန်သွားလေသည်။

ထိုအခါ ...

ထမင်းဆိုင်ထဲ၌ ကောင်းတုံသာမက အခြားသော သူစိမ်း

www.burmeseclassic.com

www.burmeseclassic.com



များပါ ရှိနေကြသည်ကို တွေ့လိုက်ရ၏။

'ဝုန်း'

အိမ်တံခါး ပြန်ပိတ်သွားသည်။

ယခုမှ မိမိသည် ထောင်ချောက်ထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရှောင်ကျင်း သဘောပေါက်သွားလေသည်။

✳



ကောင်းတုံသည် ရှောင်ကျင်းကိုကြည့်ကာ စိတ်မကောင်းဖြစ်နေရှာပါသည်။

"ရှောင်ကျင်း ... မင်း အဖမ်းခံလိုက်ပါ"

ဟု လှမ်းပြောလိုက်လေသည်။

"ဘာကွ"

ရှောင်ကျင်း ဒေါပွသွားသည်။

ကောင်းတုံက ...

"သစ္စာဖောက်တွေအားလုံး ကွပ်မျက်ခံလိုက်ရပါပြီ၊ မင်း အဖေမြို့စားကြီးကိုလည်း တောင်ပိုင်နယ်စားက ကွပ်မျက်လိုက်ပါပြီ၊ မင်း ... အေးအေးဆေးဆေး အဖမ်းခံလိုက်တာ ကောင်းပါလိမ့်မယ်"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် ဖခင်ဖြစ်သူ သေဆုံးသွားပြီဟု ကြားလိုက်ရသောအခါ ... ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

"ငါ့အဖေဟာ ဘယ်တော့မှ သစ္စာမဖောက်ဘူးကွ၊ ဒါ မတရားခံလိုက်ရတာပဲဖြစ်မယ်၊ ဒီကိစ္စ အမှန်အတိုင်းဖြစ်အောင် ငါဖော်ထုတ်မယ်ဆိုတာ မှတ်ထား"

ကောင်းတုံ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်တော့ပါဘူးကွာ၊ သစ္စာဖောက်တွေနဲ့ ပတ်သက်တဲ့လူတွေအားလုံး ဖမ်းဆီးပြီး ကွပ်မျက်ပစ်ရမယ်လို့ နယ်စားကြီးက အမိန့်ထုတ်ထားပြီးပြီ"

ရှောင်ကျင်းက ...

"ကောင်းတုံ ... ငါက မင်းအပေါ်မှာ မိတ်ဆွေသူငယ်ချင်းကောင်းတစ်ယောက်လို သဘောထားခဲ့တယ်၊ မင်းကတော့ ငါ့ကို ရောင်းစားဖို့ ကြိုးစားခဲ့တယ်၊ ဒါကြောင့် မင်းကို ခွင့်မလွှတ်နိုင်ဘူး"

ကောင်းတုံမျက်နှာပျက်ကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ရှောင်ကျင်းက ...



"ကဲ ... သေဖို့သာ ပြင်ထားပေတော့"

ဟု ငေါက်ကာ ရှေ့တိုးတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ဤတွင် ...

အိမ်ထဲ၌ ကြိုတင်စောင့်ဆိုင်းနေကြသော ဝိပါ၏လူငါးယောက် လှမ်းထွက်လာကြပြီး ...

"ယား"

ဗြာသံပေးကာ ရှောင်ကျင်းအား တိုက်ခိုက်လိုက်ကြလေတော့သည်။

ဝိပါသည် ရှောင်ကျင်း၏သိုင်းပညာမခေမှန်း သဘောပေါက်ထားလေသည်။

ထို့ကြောင့် လက်ရွေးစင်သိုင်းသမားများကို ခေါ်လာခြင်းဖြစ်သည်။

ယခုတစ်ကြိမ်တွင် ရှောင်ကျင်း လွတ်မြောက်နိုင်တော့မည်မဟုတ်ဟု ယုံကြည်ထားလေသည်။

ကောင်းတုံ ထမင်းဆိုင်ထဲ၌ သိုင်းသမားငါးယောက်ကို ကြိုတင်စေလွှတ်ထားသည်။

ဝိပါ ခေါင်းဆောင်သော ကျန်သိုင်းသမားများသည် ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အပြင်ဘက်မှ ဝိုင်းရံထားကြလေသည်။

ရှောင်ကျင်းက ထမင်းဆိုင်ထဲဝင်သွားသောအခါ ဝိပါတို့က ဆိုင်အပြင်ဘက်မှ တံခါးပိတ်ထားလိုက်လေသည်။

မကြာပါချေ ...။

ကောင်းတုံထမင်းဆိုင်ထဲမှ တိုက်ခိုက်သံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေတော့သည်။

✳



သိုင်းသမားငါးယောက်က ဝန်းရံတိုက်ခိုက်လိုက်ကြလေ သည်။

ရှောင်ကျင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထမင်းဆိုင်ထဲ၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေ သည်။

ကောင်းတုံက ဆိုင်ထောင့်တစ်နေရာတွင် သွားပုန်းနေလိုက် သည်။

ဝိပါ၏လူများသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြ ၏။

ရှောင်ကျင်းကား လက်နက်မဲ့ဖြစ်နေသည်။

သို့သော် ...

သူက သိုင်းကဝိကျူးစင် သင်ကြားပေးလိုက်သော သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်များအသုံးပြုကာ ပြန်လည်တိုက်ခိုက်နိုင်ခဲ့လေသည်။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

'ဝုန်း'

"အား"

"ကဲကွာ"

"အမယ်လေး"

"သေပါပြီဗျ"

ဝိပါ၏သိုင်းသမားငါးယောက်မှာ နောက်ဆုတ်သွားကြရလေသည်။

ကောင်းတုံ ထိတ်လန့်သွားသည်။

ရှောင်ကျင်းသည် ခေသူမဟုတ်ကြောင်း သဘောပေါက်လိုက်ပြီ ဖြစ်လေသည်။

ကောင်းတုံသည် သူ၏ရှေ့သို့ရောက်ရှိလာသော ရှောင်ကျင်းကိုကြည့်ကာ ...

"သ ... သခင်လေး"

ဟု ထစ်ထစ်ငေါ့ငေါ့ ခေါ်လိုက်လေသည်။

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။



"သစ္စာမဲ့တဲ့လူကို ကျုပ်က ချမ်းသာမပေးနိုင်ဘူး"

ပြောပြောဆိုဆို တိုက်ခိုက်ရန် ပာန်ပြင်လိုက်၏။

ထိုစဉ် ...

"ယား"

နောက်ဆုတ်သွားသော သိုင်းသမားငါးယောက်သည် ရှေ့သို့တိုးကာ တိုက်ခိုက်လာကြပြန်လေသည်။

ရှောင်ကျင်းသည် ကောင်းတုံကို တိုက်ခိုက်ခြင်း မပြုနိုင်တော့ဘဲ ထိုလူများနှင့် ရင်ဆိုင်လိုက်ရပြန်သည်။

ပြင်းထန်သောတိုက်ပွဲ ဖြစ်လာပြန်သည်။

ရှောင်ကျင်းက ရန်သူတစ်ယောက်ထံမှ ဓားတစ်လက်ကို ယူကာ တိုက်ခိုက်လိုက်လျှင် ...

'ဝုန်း'

"အား"

'ရှပ်'

"အမယ်လေး"

ရန်သူသုံးယောက် ထိခိုက်ဒဏ်ရာရကာ ကြမ်းပြင်ပေါ် လဲကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်နှစ်ယောက်သည် မနေဝံ့ကြတော့ဘဲ တံခါးတွန်းဖွင့်ကာ အပြင်ဘက် ထွက်ပြေးသွားကြလေသည်။

ရှောင်ကျင်းက ကောင်းတုံဘက်သို့ လှည့်လိုက်၏။

ထိုစဉ် ...

ကောင်းတုံက ဓားတစ်လက်ကိုင်ကာ အငိုက်ဖမ်းပြီး ထိုးသွင်းတိုက်ခိုက်လာသည်ကို တွေ့ရလေသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

ကောင်းတုံ၏ဓားသည် သူ၏ဝမ်းဗိုက်သို့ ထိုးဖောက်စိုက်ဝင်သွားလေသည်။

"အင့်"

ရှောင်ကျင်း လွှတ်ခနဲအော်လိုက်သည်။

ဒဏ်ရာရသွားသည့် အရှိန်၊ ခံပြင်းဒေါသထွက်သည့်အရှိန်တို့ပေါင်းစပ်ကာ ...

"သေပေတော့"

လက်ထဲမှဓားဖြင့် ပစ်ပေါက်လိုက်လေသည်။



ကောင်းတုံက တိုက်ခိုက်ပြီးသည်နှင့် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

သို့သော် ...

ရှောင်ကျင်း ပစ်ပေါက်တိုက်ခိုက်သောဓားက သူ၏ကျောပြင်ကို တည့်တည့်မတ်မတ် ထိမှန်သွားလေသောအခါ

"အား"

'ဝုန်း'

စူးရှစွာအော်ဟစ်ကာ ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

"ဟား ... ဟား ... ဟား"

ရှောင်ကျင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏လက်ချောင်းဖြင့် ကောင်းတုံ သေဆုံးသွားသော်လည်း မည်သို့မျှ မခံစားရချေ။

ကောက်ကျစ်သော လူယုတ်မာတစ်ယောက်ကို သုတ်သင်ပစ်လိုက်နိုင်ပြီ မဟုတ်ပါလား။

ထိုစဉ် ...

"ရှောင်ကျင်း ... မင်း ထွက်ခဲ့စမ်း"

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှ ဝိပါ၏အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✳



ရှောင်ကျင်းက ထမင်းဆိုင်၏အပြင်ဘက်သို့ လှမ်းထွက်လိုက်လေသည်။

ဝိပါတို့လူစုက သူ့အား ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။

ဝိပါသည် ရှောင်ကျင်းအား ဒဏ်ရာရထားသည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

"ရှောင်ကျင်း ... မင်း ပြေးလို့မလွတ်ဘူး၊ အေးအေးဆေးဆေး လက်နက်ချအဖမ်းခံရင်ကောင်းမယ်"

ဟု ပြောလိုက်သည်။

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ရော၊ ကျုပ်အဖေရော သစ္စာဖောက်တွေ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်က အမှန်တရားကို ဖော်ထုတ်ရလိမ့်မယ်..."

www.burmeseclassic.com

www.burmeseclassic.com



အဖမ်းမခံနိုင်ဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ဝိပါက ...

"ဒီလောက်တောင် ခေါင်းမာတဲ့ကောင် သိကြသေးတာပေါ့ ကွာ၊ ကဲ ... ဆုံးမလိုက်ကြစမ်းဟေ့"

ဟု အမိန့်ပေးလိုက်လေသည်။

ထိုအခါ ...

"ယား"

ဝိပါခေါ်လာသော လက်ရွေးစင်သိုင်းသမားများသည် ဗြာ သံပေးကာ ရှောင်ကျင်းထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့ သည်။

ထိုလူများသည် တိုက်ပွဲအတွေ့အကြုံရင့်ကျက်သော လက် မရွံ့လူသတ်သမားများ ဖြစ်ကြလေသည်။

စုစုပေါင်း ဆယ့်ငါးယောက်ခန့်ရှိပြီ သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

ရှောင်ကျင်းသည် ဓားတစ်လက်စွဲကိုင်ကာ သိုင်းကဝိကျူး စင် သင်ကြားပေးလိုက်သော သိုင်းကွက်များ အသုံးပြုကာ ပြန်လည်



တိုက်ခိုက်လိုက်သည်။

တစ်ခဏအတွင်းမှာပင် ခန္ဓာကိုယ်ပေါ်၌ ဓားဒဏ်ရာ သုံး လေးချက် ရရှိသွားလေတော့သည်။

ရှောင်ကျင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

ဝိပါ ဝမ်းသာသွားသည်။

"ဒီကောင့်ကို မလွတ်စေနဲ့"

ဟု အမိန့်ပေးလိုက်သည်။

သိုင်းသမားများကလည်း အသာစီးရလိုက်သည်ဖြစ်ရာ ဖိ၍တိုက်ခိုက်လိုက်ကြလေသည်။

ရှောင်ကျင်းက အံကြိတ်ပြီး ရင်ဆိုင်လိုက်ရပြန်သည်။

တိုက်ပွဲ ပြင်းထန်နေသည်။

ရှောင်ကျင်း၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာသုံးလေးချက် ရရှိ သွားပြန်သည်။

ထို့အတူ ...

'ဝုန်း'

"အား"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



"သေပါပြီဗျ"

ရှူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး သိုင်းသမား လေးငါးယောက် လဲကျသွားလေသည်။

မည်သို့ဆိုစေ ...

ဝိပါတို့ဘက်မှ အင်အားကောင်းနေသည်ဖြစ်ရာ ရှောင်ကျင်း ရေရှည်အခက်ကြုံရမည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေလေသည်။

ထိုအချိန်မှာပင် ...

'ဟူး ... ဟူး ... ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

လေပြင်းတိုက်ခတ်သကဲ့သို့ဖြစ်ပေါ်လာပြီး လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာလေသည်။

ထိုလူရိပ်က ...

"မြန်မြန်လိုက်ခဲ့"

ဟု အော်ပြောကာ ရှောင်ကျင်း၏လက်ကိုဆွဲကာ အနီးရှိ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ...



အိမ်ခေါင်မိုး တစ်ခုမှတစ်ခု ခုန်ကူးသွားပြီး ထွက်ပြေးသွားလေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ဝိပါတို့လူစု ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။ အတော်ကလေးကြာမှ သတိဝင်လာပြီး

"ဟေ့ ... ဘာလုပ်နေကြတာလဲ၊ ဟိုမှာပြေးပြီ ... လိုက်ကြပါတော့လား"

ဝိပါက အော်ပြောလိုက်လေသည်။

"မပြေးနဲ့"

"ရပ်လိုက်"

"မလွှတ်စေနဲ့ဟေ့"

သိုင်းသမားများသည် ဩသံပေးကာ ပြေးလိုက်သွားကြလေသည်။

သို့သော် သူတို့နောက်ကျနေကြပြီ ဖြစ်ပါသည်။

ရှောင်ကျင်းကား အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com



## လမ်းညွှန်

တောအုပ်ထဲ၌ အေးစိမ့်နေသည်။

ရှောင်ကျင်း၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများ ရထားသည် ဖြစ်ရာ သွေးများ တစိမ့်စိမ့်ကျနေလေသည်။

ရှောင်ကျင်းသည် သူ့အား ကယ်တင်လာခဲ့သူကို တွေ့ရလျှင် အံ့ဩသွားရလေသည်။

"ဟင် ... ဆရာလေး"

ဟု လွှတ်ခနဲ ခေါ်လိုက်လေသည်။

မှန်ပေသည်။

သူ့အား ကယ်တင်လာသူမှာ သူ၏ဆရာ ကျူးစင် ဖြစ်နေပါတော့သည်။

ကျူးစင်က ...

"ရှောင်ကျင်း ... ငါထင်တဲ့အတိုင်းပဲ မင်း ဒုက္ခရောက်နေပြီဆိုတာ ငါ သိလိုက်တယ်"



ရှောင်ကျင်းက ...

"ဟုတ် ... ဟုတ်ပါတယ်ဆရာ၊ ဖေဖေဟာ"

ရှေ့ဆက်မပြောနိုင်တော့ဘဲ စကားတစ်ပိုင်းတစ်ဖြင့် ရပ်သွား၏။

သူ၏အမျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

ကျူးစင်က ...

"မင်းထွက်သွားပြီး မကြာဘူး တောင်ပိုင်းနယ်စားရဲ့လူတွေ ရေခဲတောင်ကို ရောက်လာကြတယ်၊ မင်းကို လာရှာကြတာပဲ၊ မင်းကို ရှာမတွေ့တော့ ငါ့ကို ရန်လုပ်ကြတယ်၊ ဒါနဲ့ ငါရှောင်နေလိုက်တယ်၊ မင်းအတွက်လည်း စိတ်ပူတာနဲ့ လိုက်လာတာ"

ရှောင်ကျင်းက ...

"ဖေဖေ ... ဖေဖေဟာ သစ္စာဖောက်ဆိုပြီး လုပ်ကြံခံလိုက်ရပါပြီ ဆရာ"

အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

ကျူးစင်က ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်တာဘဲ၊ မြို့စားကြီးဟာ ကိုယ့်အရှင်သခင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝေဒနာမှ သစ္စာဖောက်မယ့်လူစားမျိုး မဟုတ်ဘူး"

ရှောင်ကျင်းက ...

"ဟုတ်ပါတယ် ဆရာရယ်၊ ဖေဖေဟာ အကြောင်းတစ်ခုခုကြောင့် ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါကြောင့် အဖြစ်မှန်ကိုဖော်ထုတ်ဖို့ ဆုံးဖြတ်ထားပါတယ် ခင်ဗျာ"

ကျူးစင်က ...

"ကောင်းပါပေတယ်ကွယ်၊ ဒါမှလည်း မိဘကျေးဇူးသိတတ်တဲ့ သားတစ်ယောက်ဖြစ်လာလိမ့်မယ်၊ တစ်ခုတော့ရှိတယ် ... ဒီကိစ္စဟာ နန်းတွင်းရေးနဲ့ပတ်သက်နေပြီး အတော်ကို ရှုပ်ထွေးနေမှာ သေချာတယ်၊ ဒါကြောင့် သတိဝီရိယထားပြီး ဆောင်ရွက်မှဖြစ်မယ်"

ရှောင်ကျင်းက ...

"စိတ်ချပါ ဆရာ ... ကျွန်တော် ဂရုစိုက်ပါ့မယ်"

ကျူးစင်းက ...

"မင်းကို ငါက ဆယ်နှစ်တိုင်တိုင် သိုင်းပညာသင်ကြားပေးတယ်၊ မင်းတတ်မြောက်ထားတဲ့ သိုင်းအဆင့်ဟာ ထိပ်တန်းသိုင်းအဆင့်မှာ ရှိနေပြီ၊ ဘာမဟုတ်တဲ့ ကြေးစားတွေကို မင်းက အနိုင်မယူနိုင်ဘဲ ဘာကြောင့် ခုလို ဒဏ်ရာတွေရခဲ့သလဲဆိုတာ မင်းသိသလား"



ရှောင်ကျင်းက ...

"ကျွန် ... ကျွန်တော်"

ကျူးစင်က ...

"မင်းမှာ အတွေ့အကြုံ အင်မတန်နုနယ်သေးလို့ပဲ၊ မင်းဟာ သိုင်းပညာသင်ခဲ့တာမှန်ပေမယ့် လက်တွေ့အသုံးမချနိုင်သေးပဲဖြစ်နေတယ်၊ ရန်သူနဲ့ရင်ဆိုင်ရရင် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားပါ၊ ရန်သူတိုက်ကို လေ့လာသုံးသပ်ပါ၊ မိမိကိုယ်တိုင်လည်း ဘယ်လိုတိုက်ကွက်မျိုး သုံးရမယ်၊ ဘယ်လိုခုခံကာကွယ်ရမယ်ဆိုတာကို အမှန်ကန်ဆုံး ရွေးချယ်နိုင်ဖို့ လိုလိမ့်မယ်"

ရှောင်ကျင်းက ...

"ကျွန်တော် ကြိုးစားပါ့မယ် ဆရာမ"

ဟု ကတိပေးလိုက်လေသည်။

ကျူးစင်က တည်ကြည်သော မျက်နှာထားဖြင့် ...

"မင်းဟာ ငါသင်ပေးလိုက်တဲ့ နေလတိုက်ကွက်ကို လက်တွေ့အသုံးပြုနိုင်အောင် ကြိုးစားဖို့လည်း လိုလိမ့်မယ်၊ ဒါမှ မင်းရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းရာမှာ အထောက်အကူဖြစ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ...

"ဟုတ်ကဲ့ ... ကျွန်တော် လေ့ကျင့်ပါ့မယ်ဆရာ"

ဟု ပြောလိုက်ပြန်သည်။

ကျူးစင်က ...

"အဖြစ်မှန်မပေါ်ပေါက်ခင်မှာ မင်းဟာ သစ္စာဖောက်တစ်ယောက်လို့ သတ်မှတ်ခံနေရမှာပဲ၊ မင်းပြစ်မင်းဒဏ်သင့်နေမှာပဲ၊ မင်းဟာ ငယ်ရွယ်နုနယ်သေးတယ်၊ အတွေ့အကြုံ မရှိသေးဘူး၊ ဒါကြောင့် ခက်ခဲနက်နဲလှတဲ့ ပြဿနာကြီးတစ်ခုကို ဖော်ထုတ်ဖြေရှင်းဖို့ မနိုင်တဲ့ဝန်ကို ထမ်းရသလိုဖြစ်နေလိမ့်မယ် ...၊

မင်းကို ငါကလည်း ကိုယ်ထိလက်ရောက် လိုက်ပြီး ကူညီနိုင်မှာမဟုတ်ဘူး၊ ငါဟာ သိုင်းလောကသားတွေနဲ့ မပတ်သက်ချင်ဘူး၊ အထူးသဖြင့် နန်းတွင်းနဲ့ မပတ်သက်ချင်ဘူး၊ ငါတစ်ယောက်တည်း ရေခဲတောင်ပေါ် သွားနေခဲ့တာ မင်းအသိပဲ၊ ခုတစ်ကြိမ်ဟာ နောက်ဆုံးကူညီခြင်းပဲ၊ နောက် နောင် ငါ့ကို တွေ့ရလိမ့်မယ် မမျှော်လင့်နဲ့တော့"

"ဆရာ"

ရှောင်ကျင်းက အထိတ်တလန့် ခေါ်လိုက်လေသည်။ ကျူး



စင်က လက်ကာပြလိုက်ပြီး ...

"ငါဟာ အနှောင့်အယှက်ကင်းတဲ့နေရာကို ထွက်သွားတော့မယ်၊ မင်းလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားပေတော့၊ မင်းကို ငါ အကြံတစ်ခုပေးလိုက်မယ်၊ ခုချိန်မှာ မင်းကို ကူညီနိုင်မယ့်သူဆိုလို့ ဂန္ဓမာဂေဟာတစ်ခုပဲ ရှိတော့တယ်၊ မင်းက သူတို့ဆီကိုသွားပြီး အကူအညီတောင်းပါ၊ ဂန္ဓမာဂေဟာဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် နာမည်ကြီးနေတာပဲ၊ ဂန္ဓမာဂေဟာက သခင်မလေးနဲ့ မင်းကို ဇွဲစပ်ထားတယ်ဆိုတော့ သူတို့က အကူအညီပေးကြမှာ သေချာပါတယ်"

ရှောင်ကျင်းအား ဂန္ဓမာဂေဟာသို့ သွားရန် လမ်းညွှန်ပေးလိုက်လေသည်။

ထို့အပြင် ...

ရှောင်ကျင်းရရှိထားသော ဒဏ်ရာများကို ဆေးထည့်ပေးလေသည်။

သိုင်းသမားတို့ ဆောင်ထားအပ်သော အရေးပေါ်အသက်ကယ်ဆေးများကိုလည်း ပေးလိုက်သည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တပည့် အောင်မြင်ပါစေကွယ်"

ဟု ဆုတောင်းပေးလိုက်လေသည်။

ရှောင်ကျင်းက မြေပေါ် ဒူးထောက်နေ၏။

ဆရာဖြစ်သူက သူ့အား ကျောခိုင်းထွက်ခွာသွားသည်ကို မကြည့်ဝံ့ဘဲ ခေါင်းငုံ့ထားလိုက်သည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။

ရှောင်ကျင်းသည် ရှုပ်ထွေးခက်ခဲသော ပြဿနာရပ်တစ်ခုအား ဖြေရှင်းရန် အခိုင်အမာ ဆုံးဖြတ်ထားလေတော့သည်။

✳ ✳ ✳



## သဲထဲရေသွန်

ဂန္ဓမာဂေဟာ ...။

ဂန္ဓမာဂေဟာသည် သိုင်းလောကၝ လျှမ်းလျှမ်းတောက် ကျော်ကြားသော ဂေဟာတစ်ခုဖြစ်လေသည်။

မြို့အရှေ့ဘက် တောင်ကုန်းလေးတစ်ခုပေါ်တွင် တည်ရှိပြီး ဂေဟာတစ်ဝိုက်တွင် အဝါရောင်ဂန္ဓမာပန်းများ ဖုံးလွှမ်းထား၏။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ ကြိုင်လှိုင်နေ၏။

ပန်းချီကားတစ်ချပ်နှင့်တူသော ရှုမျှော်ခင်းရှိသည့် ဂေဟာတစ်ခု ဖြစ်တော့သည်။

ရှောင်ကျင်းသည် တောင်ကုန်းလေးပေါ်မှ ဂန္ဓမာဂေဟာကို လှမ်းမျှော်ကြည့်ရင်း ရင်ထဲမှ ပူပင်သောကများကိုပင် ခေတ္တခဏ မေ့ပျောက်သွားလေသည်။

ထိုဂန္ဓမာဂေဟာသည် ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဘဝတွင် အရေးအပါဆုံး ပတ်သက်လာရမည့်နေရာ ဖြစ်သည်။

ဂန္ဓမာဂေဟာမှ သခင်မလေး ပေကျိုဝါးနှင့် သူ့အား လက်ထပ်ရမည် မဟုတ်ပါလား။

ဂန္ဓမာဂေဟာမှ သခင်မလေးအား တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါ။

မည်သို့သော ပုံသဏ္ဌာန်ရှိသည်ကို မသိရပါ။

သဘောမနော ကောင်းပါ၏လော၊ ရုပ်ဆင်းရူပကာ ချောမောပါ၏လော။

ဘာဆိုဘာမှ မသိရပါ။

အကယ်၍ ...

ပေကျိုဝါးသည် အကျည်းတန် အရုပ်ဆိုးနေပါလျှင် ချို့ယွင်းချက်တစ်ခု ရှိနေပါလျှင် ...

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

မည်သို့ပင်ဖြစ်စေ ဖခင်ကြီးစီမံခဲ့သည့်အတိုင်း သူက ပေကျိုဝါးကို လက်ထပ်ရမည်သာ ဖြစ်လေသည်။

ရှောင်ကျင်း ‌တွေးတောနေစဉ်မှာပင် ...



"အစ်ကိုလေး ... အစ်ကိုလေးက ဂန္ဓမာဂေဟာကို လာခဲ့တာလားရှင်"

ချိုလွင်သောစကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရှောင်ကျင်း သတိဝင်လာပြီး လှမ်းကြည့်လိုက်သောအခါ မိန်းကလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်ထဲ၌ ခြင်းတောင်းတစ်လုံး ကိုင်ထားသည်။ ခြင်းတောင်းထဲ၌ သစ်သီးဝလံများ ရှိနေသည်။

အိမ်ဖော်မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ပေါ်လွင်နေ၏။

ရှောင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျုပ်က ဂန္ဓမာဂေဟာကို လာတာပါ"

မိန်းကလေးက ...

"ဒါဖြင့် ကျွန်မနောက်ကို လိုက်ခဲ့ပါရှင်"

ဟု ပြောကာ လမ်းပြခေါ်ဆောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သာယာလှပသော ပန်းခင်းထဲမှဖြတ်ကာ ဂန္ဓမာဂေဟာရှေ့သို့ ရောက်ရှိသွားကြလေသည်။

မိန်းကလေးကပင် ဂေဟာအတွင်းသို့ ခေါ်သွားပြီး ဧည့်ခန်း၌ နေရာထိုင်ခင်းပေးသည်။

"သခင်မကြီးကို ကျွန်မ အကြောင်းကြားပေးပါ့မယ် ... ခဏထိုင်စောင့်ပါရှင်"

ဟု ပြောကာ အတွင်းဘက်အဆောင်သို့ ဝင်သွားလေသည်။

ရှောင်ကျင်းက ထိုင်စောင့်နေလိုက်သည်။

ဂေဟာအတွင်း၌ ချိုလွင်သာယာသော တူရိယာသံများ ထွက်နေပါ၏။

အလွန်သာယာ လှပပြီး ပျော်စရာကောင်းသော အရပ်ဒေသတစ်ခုသို့ ရောက်လာသည်ဟုပင် ရှောင်ကျင်း ခံစားရလေသည်။

အထီးကျန်ဆန်လှသော ရေခဲတောင်တွင် နေထိုင်ခဲ့ရသည့် အခြေအနေနှင့် ဂန္ဓမာဂေဟာသည် ကွာချင်တိုင်း ကွာခြားနေပေတော့သည်။



မကြာပါချေ ...။

တူရိယာသံများ ပျောက်ကွယ်သွားပြီး ခန်းဆီးများ လှပ်ရှားသွားကာ အမျိုးသမီးကြီးတစ်ယောက် ဧည့်ခန်းအတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။

ထိုအမျိုးသမီးကြီးမှာ အသက်ငါးဆယ်ခန့် ရှိပြီဖြစ်သော်လည်း အရွယ်တင်လှပေသည်။

ငယ်စဉ်က အလွန်ချောမောလှပသူဖြစ်ခဲ့ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ရှောင်ကျင်းသည် အမျိုးသမီးကြီးအား ငေးကြောင်ကြည့်နေပြီးမှ သတိဝင်လာကာ ထိုင်ရာမှထပြီး ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

အမျိုးသမီးကြီးက လက်ကာပြလိုက်သည်။

"ထိုင်ပါကွယ်"

ထိုစဉ် ...

အိမ်ဖော်မိန်းကလေးများသည် ရေနွေးကြမ်းနှင့်မုန့်များ ယူဆောင်လာကြလေသည်။

အမျိုးသမီးကြီးကလည်း ရှောင်ကျင်းနှင့် မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဝင်ထိုင်လိုက်ပြီး ...

"သုံးဆောင်လိုက်ပါဦးကွယ်"

ဟု ပြောလေသည်။

ရှောင်ကျင်းက ...

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သူက အစားအစာများကို လက်ဖျားနှင့်ပင် မတို့ပါချေ။

ဘာမှမစားချင်လောက်အောင် ရင်ထဲတင်းကျပ်နေသည် မဟုတ်ပါလား။

အမျိုးသမီးသည် ရှောင်ကျင်းအား အကဲခတ်ကြည့်လိုက်ပြီး

"ဘာကိစ္စနဲ့ ဂန္ဓမာဂေဟာကို ရောက်လာရတယ်ဆိုတာ ပြောပြပါကွယ်"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"ကျွန်တော့်နာမည် ရှောင်ကျင်းပါ၊ မြို့စားကြီး ရှောင်ဖုံးရဲ့ သားပါခင်ဗျာ"

ဟု ပြောလိုက်သည်။

အမျိုးသမီးကြီး သက်ပြင်းချလိုက်လေသည်။



"ကျုပ်က ဂန္ဓမာဂေဟာပိုင်ရှင် ပေ့ယင်းယင်းပါ၊ မင်းရဲ့ လက်မှာစွပ်ထားတဲ့ ကျောက်စိမ်းလက်စွပ်ကိုမြင်တာနဲ့ မင်း ဘယ်သူဆိုတာ ရိပ်မိပြီးပါပြီ၊ အင်း ... မင်းအဖေရဲ့သတင်းကြားရတာ စိတ်မကောင်းပါဘူးကွယ်"

ရှောင်ကျင်း အံ့သြသွားသည်။

အမျိုးသမီး (ဝါ) ဂန္ဓမာဂေဟာပိုင်ရှင် ပေ့ယင်းယင်းသည် ဖခင်ဖြစ်သူ၏အကြောင်းကို သိနှင့်ပြီးဖြစ်သည် မဟုတ်ပါလော။

ပေ့ယင်းယင်းသည် သူ၏မတော်ရသေးသော ယောက္ခမ လောင်းလည်း ဖြစ်ပေသည်။

ရှောင်ကျင်းက ...

"ကျွန်တော်ဟာ ..."

သူ၏စကား မစရသေးမီ ပေ့ယင်းယင်းက ကြားဖြတ်ပြော ဆိုလိုက်လေသည်။

"မင်းက ရေခဲတောင်ပေါ်က သိုင်းကဝိကျူးစင်ဆီမှာ သိုင်း ပညာသွားသင်နေတယ်ဆိုတာ မင်းရဲ့အဖေပြောပြလို့ သိပြီးပါပြီ၊ သူဟာ ဝမ်လိန်မြို့ကနေ ရာထူးတက်ပြီး ချန်အန်းမြို့ကိုရောက်သွား တယ်၊ ချန်အန်းမြို့စားကြီးအဖြစ်နဲ့ ရွှေကြိုးကြာမင်းသားနဲ့ ဆွေ

www.burmeseclassic.com

www.burmeseclassic.com



သွယ်မိတယ်၊ ရွှေကြိုးကြာမင်းသားဟာ ထီးနန်းကို သိမ်းပိုက်ဖို့ ကြံစည်နေသူပဲ”

“ဖေဖေဟာ ...”

“ဘုရင်မင်းမြတ်ဟာ သမားတော်ကြီးတွေရဲ့ ကြိုးစားကုသပေးမှုကြောင့် ပြန်လည်ကျန်းမာလာတယ်၊ ဘုရင်မင်းမြတ် နတ်ရွာစံရင် ထီးနန်းလုမယ့် မင်းသားတွေအကြောင်းကို သိရှိသွားပြီး အရေးယူအပြစ်ပေးခဲ့တယ် ...၊

ရွှေကြိုးကြာမင်းသားရဲ့အကြံအစည်ကို တောင်ပိုင်းနယ်စားကြီးက ဖော်ထုတ်ပေးနိုင်ခဲ့လို့ အရေးယူခံရတယ်၊ သစ္စာဖောက်ဖျက်ခဲ့တဲ့ မင်းရဲ့အဖေလည်း ကွပ်မျက်ခံလိုက်တာပေါ့”

ရှောင်ကျင်းက ...

“ကျွန်တော့်ဖေဖေဟာ ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါဘူးဗျာ”

ဟု ပြောလိုက်သည်။ ပေ့ယင်းယင်းက လက်မခံပါချေ။

“မြို့စားကြီးက သစ္စာမဖောက်ဘဲနဲ့တော့ အပြစ်ပေးခံရမှာ မဟုတ်ဘူး၊ တောင်ပိုင်းနယ်စားက သက်သေခံအထောက်အထားတွေနဲ့တကွ ဖော်ထုတ်နိုင်ခဲ့တာပဲ”



ရှောင်ကျင်းက ...

“ဖေဖေဟာ ...”

ပေ့ယင်းယင်းက ...

“သစ္စာဖောက်တဲ့လူတွေနဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်အထိ အပြစ်ပေးခံရမှာပဲ၊ ဒါကြောင့် မင်းလည်း သက်သာမှာ မဟုတ်ဘူးကွဲ့”

“ဟာ ... ကျွန်တော်က ...”

“မင်းဟာ မင်းပြစ်မင်းဒဏ်သင့်နေတဲ့ လူတစ်ယောက်ဖြစ်ပြီပေါ့ကွယ်”

ရှောင်ကျင်း ခေါင်းငိုက်စိုက်ကျသွားလေသည်။

ပေ့ယင်းယင်းက ...

“မင်းမှာ အပြစ်မရှိဘဲ မင်းအဖေရဲ့ လုပ်ရပ်တွေကြောင့် ခုလိုဒုက္ခရောက်ရတာ ကျုပ်လည်း စိတ်မကောင်းပါဘူးကွယ်၊ ဒါပေမဲ့ အပြစ်ဒဏ်က ကင်းလွတ်ခွင့်ရဖို့ဆိုတာ မလွယ်ဘူး”

ရှောင်ကျင်းက ...

“ဒီကိစ္စမှာ အမှားအယွင်းရှိနေတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါကြောင့် အပြစ်မှန်ကို ဖော်ထုတ်ဖို့ ဆုံးဖြတ်ထားပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ပေ့ယင်းယင်းက တည်ကြည်သော မျက်နှာထားဖြင့် ...

"မင်းကြိုးစားချင်တာကို ကျုပ် ဘာမှ မပြောချင်ဘူး၊ ဒါပေမဲ့ ကျုပ်က မင်းကို ကူညီနိုင်မှာ မဟုတ်ဘူးကွဲ့၊ ခုလို လက်ခံစကားပြောနေရတာတောင် လွှန်လွန်းနေပြီ၊ တောင်ပိုင်းနယ်စားသိသွားရင် ကျုပ်တို့ ဂန္ဓမာဂေဟာပါ အပြစ်ပေးအရေးယူခံရလိမ့်မယ်"

"ဒေါ်ဒေါ်"

ရှောင်ကျင်း လွှတ်ခနဲ ခေါ်လိုက်သည်။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ပေ့ယင်းယင်းက ...

"မင်းရဲ့အဖေရှိစဉ်က စေ့စပ်ကြောင်းလမ်းထားတဲ့ကိစ္စကိုလည်း ဖျက်သိမ်းလိုက်ရတော့မယ်၊ စိတ်မကောင်းပါဘူးကွယ်"

သူမ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောလာလေသည်။

ရှောင်ကျင်း၏ရင်ထဲ မာန်မာနများ ဖြစ်ပေါ်လာသည်။

တစ်ကောင်ကြွက်မျက်နှာမွဲဘဝကို ရောက်လာရသောအခါ အရာရာအားလုံးသည် သူ့ထံမှ စွန့်ခွာထွက်ပြေးသွားပြီ မဟုတ်ပါလား။



စေ့စပ်ကြောင်းလမ်းထားသောကိစ္စသည် အလိုလို ပျက်ပြယ်သွားပြီဖြစ်လေသည်။

ရှောင်ကျင်းက ...

"ကျွန်တော် နားလည်ပါတယ် ခင်ဗျာ"

ဟု ပြောကာ လက်ထဲတွင် စွပ်ထားသော ကျောက်စိမ်းလက်စွပ်ကိုချွတ်ကာ စားပွဲပေါ်တင်လိုက်သည်။

ပြီးလျှင် ...

"ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ"

ဟု ခွင့်တောင်းကာ ထိုင်ရာမှ ထလိုက်သည်။

ဂန္ဓမာဂေဟာ၌ အကူအညီတောင်းခံရန် ကြံရွယ်ထားသမျှ သဲထဲရေသွန်ဖြစ်ရချေပြီ။

ပေ့ယင်းယင်းက ...

"မင်းအတွက် အန္တရာယ်များလှတယ်၊ ပြည်မမှာမနေဘဲ ဝေးဝေးကို ရှောင်ပြေးတာ အကောင်းဆုံးဖြစ်လိမ့်မယ်"

ဟု အကြံပေးလေသည်။

ရှောင်ကျင်းက ...

"ကျွန်တော် ထွက်မပြေးပါဘူးခင်ဗျာ၊ ဖြစ်လာသမျှကို ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြီး အမှန်တရားကို ဖော်ထုတ်သွားမှာပါ”

စကားဆုံးလျှင် ဂန္ဓမာဂေဟာထဲမှ ထွက်လာခဲ့လေတော့သည်။

✳ ✳ ✳



## အရက်သမား

‘ဂျိမ်း’

မိုးခြိမ်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကောင်းကင်ပေါ်တွင် တိမ်ညိုတိမ်မည်းများ အလိပ်လိုက် အလိပ်လိုက် တက်လာလေသည်။

လေပြင်းများကလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

လမ်းပေါ်တွင် ဖုန်တထောင်းထောင်းထသွားပြီး အမှိုက်သရိုက်များသည် လေပြင်းနှင့်အတူ လွင့်မျောသွားလေသည်။

ရှောင်ကျင်းသည် မျက်လုံးထဲ ဖုန်များ၊ သဲများ မဝင်သွားရလေအောင် မျက်လုံးမှိတ်ထားလိုက်သည်။

ထို့နောက် မင်းလမ်းမကြီးအတိုင်း ဆက်၍လျှောက်သွားလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေလှမ်းများသည် နှေးကွေးလေးလံနေသည်။ ဦး တည်ရာမဲ့သလို ရည်ရွယ်ချက် ပျောက်ဆုံးနေ၏။

မမျှော်လင့်ဘဲ ဖခင်ဖြစ်သူသေဆုံးသွားပြီး သူ ကိုယ်တိုင် မင်းပြစ်မင်းဒဏ်သင့်သူဖြစ်ခဲ့ရသည်။

အေးချမ်းသာယာပြီး ပျော်ရွှင်စရာကောင်းသော ဘဝသည် ကုန်ဆုံးပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

တစ်ကောင်ကြွက် တစ်မျက်နှာဘဝကို ရောက်ရပြီတည်း။

ရှောင်ကျင်းက ရှေ့သို့ တစိုက်မတ်မတ် လှမ်းသွားစဉ် ...

'ဂျိမ်း ... ဂျလိန်း ”

'ဝေါ ... ဝေါ ... ဝေါ'

'ဗိုး ... ဗိုး ... ဗိုး'

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများ ထွက်ပေါ်လာသည်။

မိုးသီးမိုးပေါက်များ အဆက်မပြတ် ကျဆင်းလာလေသည်။

မိုးရေစက်များကြောင့် ဝန်းကျင်တစ်ခုလုံး မှုန်ဝါးဝါးဖြစ်သွား၏။

လမ်းပေါ်တွင် ရေအိုင်များ၊ ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်။

BURMESE CLASSIC .com



ရှောင်ကျင်း၏တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုသွားသည်။

သို့တိုင်... ရှောင်ကျင်းက ရှေ့သို့ တစိုက်မတ်မတ် လျှောက်သွားနေဆဲ။

ရုတ်တရက် ...

မိုးရေကြား ထဲမှ ဘွားခနဲ ထွက်ပေါ်လာသူတစ်ယောက်နှင့် ဝင်ရောက်တိုက်မိမလို ဖြစ်သွားရလေသည်။

ရှောင်ကျင်း ကပျာကယာ ခြေလှမ်းရပ်လိုက်လေသည်။ မျက်နှာပေါ်မှ မိုးရေစက်များကိုဖယ်ရှားရင်း ထိုလူကို ကြည့်လိုက်၏။

ထိုလူမှာ ...

အသက်ငါးဆယ်ခန့်ရှိသူ ဖြစ်လေသည်။ မီးခိုးရောင် ဖျင်ကြမ်းအင်္ကျီ ဝတ်ထားသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ဗရပျစ်ရှိနေသည်။ လက်ထဲတွင် အရက်တစ်အိုး ကိုင်ထား၏။

ထိုလူသည် ရှောင်ကျင်းကို ကြည့်လိုက်ပြီး ...

“ငါက အရက်မူးနေတာ၊ ငါက မင်းကို ဝင်မတိုးဘူး၊ မင်းက ငါ့ကို ဝင်တိုက်ရသလား”

ဟု အပြစ်တင် ပြောဆိုလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ...

"ကျွန်တော်က အတွေးလွန်နေလို့ ရုတ်တရက်မမြင်ဘဲ ဝင်တိုက်မိမလိုဖြစ်သွားတာကို တောင်းပန်ပါတယ်"

ထိုလူသည် ရှောင်ကျင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

ပြီးလျှင် ...

"ဟား ... ဟား ... ဟား"

ဟားတိုက်ရယ်မောလိုက်လေသည်။

ရှောင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုလူသည် အတန်ကြာ ရယ်မောပြီးမှ အရက်အိုးကိုမ,ကာ အရက်တစ်ကျိုက် မော့သောက်လိုက်သည်။

"ကောင်းတယ် ... မိုးထဲရေထဲ တွေးချင်ရာတွေးပြီး လျှောက်သွားနေတဲ့ မင်းလိုလူစားမျိုးကို ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ ကြည့်စမ်း ... မိုးရေကိုကြောက်လို့ အားလုံးရှောင်ကုန်ကြပြီ၊ မိုးလုံတဲ့နေရာမှာဝင်ပြီး မိုးခိုနေကြပြီ၊ မိုးရေထဲ လျှောက်သွားပြီး တွေးတောစဉ်းစားရတဲ့ အရသာ၊ အရက်သောက်တဲ့အရသာကို ဘယ်သူက သိနိုင်ကြမှာလဲ"

BURMESE CLASSIC .com



ဟု ပြောလေသည်။

ထိုလူမှာ ရိုးရိုးအရက်သမားတစ်ယောက်မဟုတ်ဘဲ ထူးခြားသောလူတစ်ယောက်ဖြစ်ကြောင်း ရှောင်ကျင်း ဆင်ခြင်မိလိုက်လေသည်။

ထိုလူကပင် ...

"မင်းရော အရက်သောက်ဦးမလား"

ဟု မေးလာလေသည်။

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... ကျွန်တော် အရက်မသောက်တတ်ဘူး"

ထိုလူက ...

"ဟွန့် ... မင်းလည်း ညံ့သေးတာပဲ၊ တော်ပြီ တော်ပြီ ... ကိုယ့်လမ်းကိုယ်သွားတာ ကောင်းတယ်"

စကားဆုံးလျှင် ရှောင်ကျင်းအား အမှုမထားဘဲ ထွက်သွားလေတော့သည်။

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

တစ်ကိုယ်လုံး မိုးရွဲရွဲစိုနေသည်ကိုပင် ဂရုမစိုက်ဘဲ ရှေ့ဆက်သွားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဘဝသည် လေယူရာလွင့်မျောနေသည့် ရော်ရွက်တစ်ရွက်နှင့် တူနေပြီမဟုတ်ပါလား။

✳



နေဂန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ရှောင်ကျင်းသည် ခြေဦးတည်ရာသွားရင်း တောအုပ်တစ်ခုသို့ရောက်မှ သတိဝင်လာလေသည်။

သဲကြီးမဲကြီး ရှာချခဲ့သောမိုးမှာ ရပ်တန့်သွားပြီ ဖြစ်ပါသည်။

ရှောင်ကျင်းက ခြေလှမ်းရပ်လိုက်သည်။

"ငါ ဒီအတိုင်းပျောက်သွားနေလို့ မဖြစ်သေးဘူး"

ထိုစဉ် ...

အဝေးမှ ချိုလွင်သာယာသောပလွေသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောထဲတောင်ထဲ ပလွေသံ ထွက်ပေါ်လာတာ ထူးဆန်းလှချည်လား"

သူ၏ခြေလှမ်းများသည် ပလွေသံထွက်ပေါ်လာရာဆီသို့ ဦးတည်လှမ်းသွားလိုက်လေသည်။

မကြာပါချေ ...။

တောအုပ်အတွင်းပိုင်းသို့ရောက်သွားပြီး ကျောက်တုံးတစ်တုံးပေါ်၌ထိုင်ကာ ပလွေမှုတ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရှောင်ကျင်း၏ ခြေလှမ်းရပ်သွားသည်။ ပလွေမှုတ်နေသူကို စိတ်ဝင်စားစွာ ကြည့်လိုက်မိသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်သာရှိသေးပြီး ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသည်။

သူ၏လက်ထဲ ကိုင်ထားသည်မှာ ...

ရွှေရောင်တဖိတ်ဖိတ် တောက်ပနေသော ရွှေပလွေတစ်ချောင်း ဖြစ်လေသည်။

ထိုလူသည် ပတ်ဝန်းကျင်ကို မေ့လျော့ကာ ပလွေကို စိတ်ဝင်စားစွာ မှုတ်နေခြင်း ဖြစ်လေသည်။



ရှောင်ကျင်းလည်း မလှုပ်မယှက်ရပ်ကာ ငေးမောကြည့်နေမိတော့သည်။

အတန်ကြာလျှင် ပလွေသံ ရပ်တန့်သွားလေသည်။

ပြေးလွှားလာကြသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူလေးယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

ထိုလူလေးယောက်သည် ပလွေမှုတ်နေသူအနီးသို့ ရောက်လာပြီး ဒူးထောက် အရိုအသေပြုလိုက်ကြလေသည်။

ပလွေရှင်က ...

"ဘယ်လိုလဲဟေ့ ... မင်းတို့ ရှာလို့တွေ့ခဲ့ကြရဲ့လား"

ဟု မေးလိုက်လေသည်။

ဒူးထောက်နေသူလေးယောက်အနက် တစ်ယောက်က ...

"ကျုပ်တို့ လိုက်ရှာတာ နှံ့နေပါပြီ၊ မတွေ့ခဲ့ရပါဘူး"

ဟု ပြောလေသည်။

အခြားတစ်ယောက်က ...

"သူ့ကို လူတစ်ယောက်က ကယ်ထုတ်သွားခဲ့တယ်လို့ ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



တတိယလူက ...

"သူဟာ ဂန္ဓမာဒနတောင်ကို ရောက်သွားပါသေးတယ်၊ ဂေဟာရှင်က လက်မခံတဲ့ မောင်းထုတ်လို့ ထွက်သွားပါတယ်"

ရှောင်ကျင်းသည် ထိုလူများ ပြောနေကြသောစကားများကို ကြားလျှင် ထိတ်လန့်သွားလေသည်။

"လက်စသတ်တော့ ငါ့အကြောင်း ပြောနေကြတာပါလား" ဟု စိတ်ထဲမှ ရေရွတ်လိုက်မိလေသည်။

"ဟား ... ဟား ... ဟား"

ပလွေရှင်၏ရယ်မောသံ ထွက်ပေါ်လာလေသည်။

"မင်းတို့ တော်တော်ညံ့တဲ့ကောင်တွေပဲ၊ မင်းတို့လိုက်ရှာတာ မတွေ့ဘူးဟုတ်လား"

"ဟုတ်ပါတယ်၊ မတွေ့ခဲ့ရပါဘူး"

"အေး ... မတွေ့ရင် သေသေချာချာကြည့်ထား၊ ဟိုမှာရှိတယ်"

ပလွေရှင်က သူ၏ပလွေဖြင့် ရှောင်ကျင်းရပ်နေသော နေရာဆီသို့ ညွှန်ပြလိုက်လေသည်။

အားလုံး လှမ်းကြည့်လာကြသည်။



သူတို့သည် ရှောင်ကျင်းအား တွေ့မြင်သွားပြီ ဖြစ်လေသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

ဒူးထောက်နေသူလေးယောက်သည် ချက်ချင်းခုန်ထလာကြပြီး ရှောင်ကျင်းအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



လူလေးယောက်က ရှောင်ကျင်းအား ဝိုင်းရံထားလိုက်ကြလေသည်။

ရှောင်ကျင်း ထွက်သွား၍ မရတော့ချေ။

ထိုလူလေးယောက်ကို ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဒါ ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

ထိုလူလေးယောက်အနက် တစ်ယောက်က ...

"ကျုပ်တို့ဟာ သားကောင်ကိုလိုက်ဖမ်းနေတဲ့ မုဆိုးတွေပဲ၊ အေး ... မင်း အေးအေးဆေးဆေး အဖမ်းခံလိုက်ရင် ကောင်းမယ်"

"ဘာဗျ"

"ဒီမှာ ရှောင်ကျင်း ... မင်း ထွက်ပြေးလို့ မရတော့ဘူး"



ရှောင်ကျင်းက ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ခင်ဗျားတို့ကို ကျုပ်လည်း မသိရပါလား"

ထိုလူလေးယောက်အနက် တစ်ယောက်က ...

"မင်းသိစရာ မလိုဘူး၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

"ပြီးတော့ မင်းဟာ တောင်ပိုင်းနယ်စားကြီးရဲ့ ဆုငွေထုတ်ထားခြင်းခံနေရတဲ့ တရားခံတစ်ယောက်ဆိုတာ ကျုပ်တို့ သိတယ်"

"ဗျာ"

"ကဲ ... မင်း အေးအေးဆေးဆေး အဖမ်းခံမလား၊ သေချင်သလား၊ ကြိုက်တဲ့လမ်း ရွေးပေတော့"

ရှောင်ကျင်း ဒေါပွသွားလေသည်။

"ကျုပ်က ခင်ဗျားတို့ကို ကြောက်နေရမှာလား"

ဟု ပြောလိုက်သည်။

ထိုလူလေးယောက်က ရွှေပလွေရှင်ကို ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပလွေရှင်က ခေါင်းညိတ်ပြလိုက်သောအခါ ...

"ယား"

ဩသံပေးကာ စတင်တိုက်ခိုက်လာကြလေသည်။

✳



ရွှေပလွေရှင်သည် သိုင်းလောက၌ ထင်ရှားသော သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

အဖြူရောင်သိုင်းသမား သို့မဟုတ် အနက်ရောင်သိုင်းသမားဟု ပြော၍မရသူဖြစ်သည်။

အကြောင်းကား ...

သိုင်းပညာအားကိုးဖြင့် ထင်ရာစိုင်းလေ့ရှိပြီး ခေါင်းမာသူဖြစ်နေခြင်းကြောင့်ပင်။

ရွှေပလွေရှင်သည် တပည့်လေးယောက်နှင့်အတူ သိုင်းလောက၌ ကျင်လည်ကျက်စားရင်း တောင်ပိုင်းနယ်စားက ရှောင်ကျင်းအား ဖမ်းဆီးပေးနိုင်သူအား ဆုငွေတစ်သိန်းချီးမြှင့်မည်ဟု ကြေညာလိုက်သောအခါ ရှောင်ကျင်းကိုဖမ်းဆီးရန် ကြိုးစားခဲ့ခြင်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပလွေရှင်၏ တပည့်လေးယောက်သည် ပြာသံပေးကာ ရှောင်ကျင်းအား တိုက်ခိုက်ကြလေသည်။

ရှောင်ကျင်းမှာ ဒဏ်ရာများ သက်သာပျောက်ကင်းစ ရှိသေးသည် တိုက်ပွဲနှင့်ရင်ဆိုင် လိုက်ရပြန်ပြီ ဖြစ်လေသည်။

ယခုတစ်ကြိမ် ...

သူသည် ကျူးစင်ပြောသွားသည့်အတိုင်း စိတ်တည်ငြိမ်အောင် ထိန်းချုပ်လိုက်ပြီး ရန်သူ၏ တိုက်ကွက်များကို အကဲခတ်ကာ ကျူးစင်သင်ပေးသော သိုင်းကွက်များကို တစ်ကွက်ချင်း ထုတ်ဖော်ပြီး ချေဖျက်လိုက်သည်။

တစ်ဖန် ...

အခွင့်သာသည်နှင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ရှောင်ကျင်းက စနစ်တကျ ခုခံတိုက်ခိုက်လိုက်သည်နှင့် ...

'ဝုန်း'

"အား"

"အမယ်လေး"

"ကဲကွာ"

"သေပါပြီဗျ"



စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရွှေပလွေ ရှင်၏တပည့်လေးယောက်မှာ ဖရိုဖရဲနှင့် လွင့်စဉ်သွားကြလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com

ရွှေပလွေရှင် မျက်မှောင်ကြုတ်သွားလေသည်။ ရှောင်ကျင်းအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး ...

"နောက်ဆုတ်လိုက်ကြစမ်း"

သူ၏တပည့်လေးယောက်ကို အမိန့်ပေးလိုက်လေသည်။

ထိုလူလေးယောက် ကပျာကယာ နောက်ဆုတ်ပေးကြသည်။

ရွှေပလွေရှင်က ရှေ့သို့လှမ်းထွက်လာသည်။ ရှောင်ကျင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"မင်း ဘယ်ဆိုးလို့လဲ"

ဟု ပြောလေသည်။

ရှောင်ကျင်းက ...

"ကျုပ်ကို ဒုက္ခမပေးကြပါနဲ့ဗျာ၊ ခင်ဗျားတို့ အေးအေးဆေး



ဆေး သွားကြပါတော့"

ရွှေပလွေရှင်က ...

"ဟာ ... သွားလို့ ဘယ်ဖြစ်ပါဦးမလဲ၊ ကျုပ်တို့က မင်းကို ဂုဏ်ပြုရဦးမှာပေါ့"

"ဗျာ"

မမျှော်လင့်သောစကားကြားလျှင် ရှောင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ရွှေပလွေရှင်က ရယ်မောလိုက်သည်။

"ဘာလဲ ... မင်း အံ့သြနေသလား ရှောင်ကျင်း၊ တကယ်ဆိုရင် ကျုပ်တို့ဟာ မင်းကို ကူညီမယ့်လူတွေပါ"

"ခင် ... ခင်ဗျာ"

"ဟဲ ဟဲ ဟဲ ... မင်းဟာ ရှောင်ကျင်းအစစ် ဟုတ်,မဟုတ် စမ်းကြည့်တာပါကွာ၊ ကျုပ်တို့ဟာ မင်းအဖေရဲ့ မိတ်ဆွေတွေပါ"

ရှောင်ကျင်းသည် ရွှေပလွေရှင်အား နားမလည်နိုင်စွာ ကြည့်မိလေတော့သည်။

ရွှေပလွေရှင်က ...

"ကျုပ်တို့ဟာ မင်းအဖေရယ်, ရွှေကြိုးကြာမင်းသားရယ်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးစုပေါင်းပြီး ထီးနန်းကိုသိမ်းပိုက်ဖို့ ကြိုးစားခဲ့ကြတာပေါ့၊ ဘုရင်မင်းမြတ် နတ်ရွာစံသွားရင် ရွှေကြိုးကြာမင်းသားကို နန်းတင်ကြမယ်ပေါ့ ...၊

ဒါပေမဲ့ ဘုရင်မင်းမြတ်ဟာ ပြန်ပြီးကျန်းမာလာတယ်၊ တောင်ပိုင်းနယ်စားကလည်း ကျုပ်တို့ရဲ့အကြံအစည်တွေကို ရိပ်မိသွားတယ်၊ ဒါကြောင့် မင်းအဖေနဲ့ ရွှေကြိုးကြာမင်းသားတို့ အဖမ်းခံလိုက်ရတယ်၊ ကျုပ်တို့ကတော့ ထွက်ပြေးလွတ်မြောက်လာခဲ့တယ်လေ"

ရှောင်ကျင်း ခံပြင်းသွားသည်။

"ခင်ဗျား ရှေ့ဆက်မပြောဘဲနေရင် ကောင်းမယ်"

ဟု ငေါက်လိုက်လေသည်။

ရွှေပလွေရှင်က ...

"ဘာဖြစ်လို့လဲကွ"

ရှောင်ကျင်းက ...

"ဘာဖြစ်ရမလဲ ... ကျုပ်အဖေဟာ ဒီလိုသစ္စာဖောက်တဲ့အလုပ်ကို ဘယ်တော့မှ လုပ်မှာမဟုတ်ခဲ့ဘူးဆိုတာ ကျုပ်သိထားလို့ပေါ့"



ရွှေပလွေရှင်က ...

"မင်းက မင်းအဖေကို အထင်ကြီးနေတာကိုးကွ"

"ခင်ဗျား ပါးစပ်ပိတ်ထားလိုက်စမ်းပါ"

"ဟား ဟား ဟား ... မင်းကိုတော့ ကြိုက်သွားပြီ၊ ကဲ ... ဘာမှမပူနဲ့တော့၊ မင်းအဖေဆီကို သွားရအောင်"

"ဘာဗျ"

"မင်းအဖေဆီကို သွားကြမယ်လေ"

"ခင် ... ခင်ဗျား"

ရွှေပလွေရှင်က ...

"ကဲ ... လာ မြန်မြန်သွားရအောင်"

ဟု ပြောကာ လက်ဖွေ့ယမ်းလိုက်လေသည်။

ဤတွင် ...

'ဝှစ်'

ရွှေပလွေပြောင်းဝမှ အပ်ကလေးတစ်ချောင်း ပစ်လွှင့်လာကာ ရှောင်ကျင်း၏ပခုံး၌ စိုက်ဝင်သွားလေတော့သည်။

"အင့်"

ရှောင်ကျင်း မသဲမကွဲညည်းတွားရင်း နောက်သို့ ဒယီး

www.burmeseclassic.com

www.burmeseclassic.com



ဒယိုင်ဖြင့် ဆုတ်လိုက်လေသည်။

"ဟား ... ဟား ... ဟား"

ရွှေပလွေရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

ရှောင်ကျင်းက ...

"ခင်ဗျား ယုတ်မာလှချည်လား"

ချက်ချင်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ...

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ ဦးခေါင်းထဲ မူးနောက် ရီဝေသွားပြီး ...

'ဝုန်း'

မြေပေါ် လဲကျသွားလေတော့သည်။

"ဟား ... ဟား ... ဟား"

ရွှေပလွေရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်း ဘာတတ်နိုင်သေးသလဲ"

ဟု ပြောလိုက်၏။

ထိုစဉ် ...

"သူ မတတ်နိုင်ပေမယ့် ကျုပ်က တတ်နိုင်ပါသေးတယ်"



စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ရွှေပလွေရှင် လှမ်းကြည့်လိုက်သောအခါ အရက်မူးသမား တစ်ယောက်က ဒယီးဒယိုင်ဖြင့် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ပုံပြင်တစ်ပုဒ်

'အောက်အီးအီးအွတ်'

ကြက်တွန်သံများ ထွက်ပေါ်လာသည်။

အရှေ့ဘက်မှ အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာလေသည်။

တစ်ညတာကုန်ဆုံးပြီး နေ့သစ်တစ်နေ့ အစပျိုးလာပြီဖြစ်သည်။

'အား … ကျွတ် … ကျွတ်'

ညည်းညူသံနှင့်အတူ ရှောင်ကျင်း သတိရလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ပြိုပျက်နေသော အဆောက်အအုံတစ်ခုအတွင်း ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရပေသည်။

"ဟင်"



ရှောင်ကျင်း ရင်ထိတ်သွားသည်။

"ငါ ဘယ်ရောက်နေပါလိမ့်"

ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

သူသည် ကောက်ရိုးများ ခင်းထားသော သမံတလင်းပြင်ပေါ်တွင် အိပ်ပျော်နေခဲ့ခြင်း ဖြစ်လေသည်။

ဦးခေါင်းထဲ မူးနောက်ရီဝေနေခြင်းမျိုး မရှိတော့ပါ။

အပ်ထိမှန်ခဲ့သောပခုံးကို စမ်းသပ်ကြည့်လိုက်သည်။

ထိုအခါ …

တစ်စုံတစ်ယောက်က ဆေးများလိမ်းကျံပေးထားသည်ကို တွေ့မြင်ရလေသည်။

ရှောင်ကျင်းက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

ထိုစဉ် …

အဆောက်အအုံပျက်ထဲသို့ လှမ်းဝင်လာသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူဝင်ရောက်လာသည်နှင့် အရက်နံ့တထောင်းထောင်း ထသွားလေတော့သည်။

ရှောင်ကျင်း အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မိုးရွာထဲမှာ တွေ့ခဲ့ရတဲ့ အရက်သမားကြီးပါလား"

ဟု ရေရွတ်လိုက်မိလေသည်။

မှန်ပေသည်။

အဆောက်အအုံပျက်ထဲသို့ ဝင်ရောက်လာသူမှာ ရှောင်ကျင်းနှင့် မိုးရွာထဲ၌ ဆုံတွေ့ခဲ့သည့် အရက်သမားကြီး ဖြစ်နေပါတော့သည်။

ရှောင်ကျင်း သတိရနေသည်ကိုမြင်လျှင် အရက်သမားကြီးက ...

"ဩော် ... မင်း သတိရနေပြီကိုး"

ဟု ပြောလာလေသည်။

ရှောင်ကျင်းက ...

"ဟုတ်ပါတယ်၊ ဟိုလူတွေရော"

ဟု မေးလိုက်သည်။

အရက်သမားက ...

"ဘာလဲ ... ရွှေပလွေရှင်တို့လူစုကို မေးတာလား"

ရှောင်ကျင်းက ...

"ဟုတ်ပါတယ်ဗျာ"



"သူတို့ကို ကျုပ်မောင်းထုတ်လိုက်ပြီလေ"

"ဗျာ"

"ရွှေပလွေရှင်က မင်းကို မေ့ဆေးအပ်နဲ့ ပစ်ဖမ်းမလို့ ကြံစားခဲ့တာ၊ ကျုပ်သာ ရောက်မလာရင် ခုလောက်ဆို မင်းကို တောင်ပိုင်းနယ်စားဆီကို ခေါ်သွားလောက်ပြီ"

ရှောင်ကျင်း သက်ပြင်းချလိုက်လေသည်။

အရက်သမားက ...

"တောင်ပိုင်းနယ်စားဆီကို မင်းရောက်သွားရင် ဘယ်လိုဖြစ်သွားမယ် ထင်သလဲ"

ရှောင်ကျင်းက ...

"ကျွန်တော် ဒုက္ခရောက်သွားမှာပါ"

အရက်သမားက ...

"သိပ်ကို သေချာတာပေါ့ကွာ၊ တောင်ပိုင်းနယ်စားက မင်းကို အသေရရ အရှင်ရရ ဖမ်းပေးနိုင်ရင် ဆုငွေတစ်သိန်းပေးမယ်လို့ ထုတ်ပြန်ကြေညာထားတယ်"

ဆုငွေတစ်သိန်းဆိုသည်မှာ မက်မောလောက်သော ငွေကြေးပမာဏဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုငွေကို မက်မောသဖြင့် သူ့အား သားကောင်သဖွယ် လိုက်လံဖမ်းဆီးမည့်သူများ အများအပြား ရှိလာမည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

အရက်သမားက ...

"တခြားရာဇဝတ်သားတွေကို ဆုငွေထုတ်ရင် ငါးထောင် ထက်မပိုဘူး၊ မင်းကို ဘာကြောင့်များ ဆုငွေတစ်သိန်းတောင် ထုတ်ရသလဲဆိုတာ ကျုပ် စဉ်းစားလို့မရဘူး"

ရှောင်ကျင်းက ...

"တကယ်တော့ ကျွန်တော်လည်း ဘာဖြစ်လို့ဖြစ်မှန်းတောင် မသိရပါဘူး"

အရက်သမားက ...

"သူက မင်းကိုလိုချင်နေတာ၊ မင်းရဲ့အဖေ မြို့စားကြီး ရှောင်ဖုံးနဲ့ ပတ်သက်နေလို့ပဲဖြစ်ရမယ်"

ရှောင်ကျင်းက ...

"ကျွန်တော့်ဖေဖေဟာ ဝမ်လိန်မြို့စားဘဝကနေ ချန်အန်းမြို့စားအဖြစ် ရာထူးတိုးပေးခံရလို့ ပြောင်းရွှေ့သွားတာပဲ ကျွန်တော် သိပါတယ်၊ တခြား ဘာမှမသိရပါဘူးဗျာ"



အရက်သမားက ...

"မင်းအဖေဟာ တော်ဝင်နန်းစံဒေဝီနဲ့ရော သက်တော်ရှည် အမတ်ကြီးနဲ့ရော ရင်းနှီးတာပဲ၊ နန်းတွင်းရေး ရှုပ်ထွေးနေချိန်မှာ ရွှေကြိုးကြာမင်းသားဟာ ထီးနန်းကိုလုယူဖို့ လျှို့ဝှက်ကြံစည်နေခဲ့ တယ်၊ မင်းအဖေဟာ ချန်အန်းမြို့စားဖြစ်သွားတော့ ရွှေကြိုးကြာမင်း သားနဲ့ ပိုပြီး နီးစပ်သွားတာပေါ့၊ ဒါပေမဲ့ သူတို့သစ္စာဖောက်ကြတယ် ဆိုတဲ့ကိစ္စမှာ တောင်ပိုင်းနယ်စားက ဖော်ထုတ်ပေးလိုက်တာက တော့ အတော်ကို ထူးခြားနေတယ်"

ရှောင်ကျင်း စိတ်ဝင်စားသွားလေသည်။

"ဘယ်လိုထူးခြားနေသလဲဆိုတာ ပြောပြနိုင်မလားဗျာ" ဟု မေးလိုက်လေသည်။

အရက်သမားက ...

"ထူးခြားတာကတော့ တောင်ပိုင်းနယ်စားဟာ မင်းရဲ့အဖေ ထက် အရင်စောပြီး ရွှေကြိုးကြာမင်းသားနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တာပဲ၊ တကယ်တမ်း ဖြစ်သင့်တာက ရွှေကြိုးကြာမင်းသားက ထီးနန်းလုယူ ဖို့ကြံစည်တယ်၊ တောင်ပိုင်းနယ်စားက လျှို့ဝှက်ထောက်ပံ့ပြီး အကူ အညီပေးတယ်၊ မင်းအဖေက ဒီကိစ္စကို ဖော်ထုတ်တယ်၊ ဒါပေမဲ့ ခု

www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောင်းပြန်ဖြစ်နေတယ်"

ရှောင်ကျင်း ခေါင်းကုတ်လိုက်မိလေသည်။

နန်းတွင်းရေးသည် ရှုပ်ထွေးလှသည် မဟုတ်ပါလား။

သူ၏ဖခင်သည် အရှင်သခင်အပေါ် သစ္စာဖောက်မည့်သူ မဟုတ်ဟူ၍ကား အခိုင်အမာ ယုံကြည်ထားလေသည်။

အရက်သမားက ဆက်ပြောသည်။

"ကြားရတဲ့သတင်းတွေအတိုင်းဆိုရင် တောင်နန်းစံဒေဝီနဲ့ သက်တော်ရှည်အမတ်ကြီးတို့ဟာ မင်းရဲ့အဖေကို ချန်အန်းမြို့စားကြီးအဖြစ် ရာထူးတိုးပေးလိုက်တာဟာ လျှို့ဝှက်တဲ့ အကြံအစည် တစ်ခုကြောင့်လို့ ဆိုကြတယ်"

ရှောင်ကျင်းက ...

"ဘယ်လိုအကြံအစည်များလဲဗျာ"

ဟု မေးလိုက်သည်။

အရက်သမားက ...

"ရွှေကြိုးကြာမင်းသား ထီးနန်းလုဖို့ ကြံစည်နေတာကို ဖော်ထုတ်ဖို့ တောင်နန်းစံဒေဝီနဲ့ သက်တော်ရှည်အမတ်ကြီးတို့က မင်းရဲ့ အဖေကို တာဝန်ပေးခဲ့ကြတယ်လို့လည်း ပြောကြတယ်"



ရှောင်ကျင်းက ...

"ကျွန်တော်တော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ပါဘူး ခင်ဗျာ"

ဟု ညည်းတွားလိုက်လေသည်။

အရက်သမားက ...

"မင်း ဒီလိုညည်းတွားနေလို့ ပြီးမလား၊ ဒီကိစ္စကို အမှန်အတိုင်းဖြစ်အောင် ဖော်ထုတ်မယ့်ဆို"

"ကျွန်တော်"

"မင်းအဖေ ဘယ်လိုသေဆုံးသွားရသလဲဆိုတာရော မင်း သိသလား"

ရှောင်ကျင်းက အရက်သမားကို ကြည့်လိုက်လေသည်။

အရက်သမားက ...

"တောင်ပိုင်းနယ်စားရဲ့လူတွေဟာ ချန်အန်းမြို့ပြင်မှာ မင်းအဖေက လူတစ်ယောက်နဲ့ တွေ့ဆုံနေတုန်း ဝိုင်းပြီးဖမ်းလိုက်ကြတယ်၊ ရွှေကြိုးကြာမင်းသားနဲ့ ပူးပေါင်းပြီး ထီးနန်းလုယူမယ့်အစီအစဉ်တွေ ရေးသားထားတဲ့ စာရွက်စာတမ်းတွေကို ဖမ်းဆီးမိခဲ့ကြတယ်၊ တောင်ပိုင်းနယ်စားက မင်းအဖေကို စစ်ဆေးမေးမြန်းဖို့ နှင့်

www.burmeseclassic.com

www.burmeseclassic.com



တော်ထဲကို ခေါ်သွားတုန်း လမ်းခရီးမှာ မင်းအဖေက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတယ်လို့ ပြောကြတယ်"

ရှောင်ကျင်းက ...

"သူတို့က ဖေဖေ့ကို လုပ်ကြံလိုက်ကြတာပဲ ဖြစ်မှာပေါ့"

အရက်သမားက ...

"သေချာတာပေါ့ကွာ၊ တောင်ပိုင်းနယ်စားက သူ့အတွက် ဆူးပြောင့်ခလုတ်တွေကို ဘယ်ထားပါ့မလဲ၊ ရှင်းပစ်လိုက်မှာပေါ့"

ရှောင်ကျင်းက သက်ပြင်းချလိုက်ပြီး ...

"ဒီအတိုင်းဆိုရင် တရားခံအစစ်ဟာ တောင်ပိုင်းနယ်စားပဲ ဖြစ်လိမ့်မယ်"

အရက်သားက ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... မင်းတောင် မှန်မှန်ကန်ကန် တွေးတတ်လာပြီပဲ"

ရှောင်ကျင်းက ...

"ကျွန်တော်က တောင်ပိုင်းနယ်စားရဲ့ ကောက်ကျစ်တဲ့ လုပ်ရပ်တွေကို ဖော်ထုတ်မှာပါ။ ဒါထက် ဦးက ဘယ်သူများလဲ၊ ဒီကိစ္စတွေကို ဘာကြောင့်များ သိနေရတာလဲ"



ဟု မေးလိုက်လေသည်။

အရက်သမားက လက်ကာပြလိုက်သည်။

"ကျုပ်ကို အရက်သမားတစ်ယောက်လို့ မှတ်ထားရင် လုံလောက်ပါပြီ"

"ဦးက ..."

အရက်သမားသည် သူ၏အကြောင်းကို မပြောလိုကြောင်း ရိပ်မိသဖြင့် ရှောင်ကျင်းက ထပ်မမေးဘဲနေလိုက်လေသည်။

အရက်သမားက ...

"မင်း ဒီအတိုင်း လျှောက်သွားနေလို့ မဖြစ်သေးဘူး၊ တောင်ပိုင်းနယ်စားရဲ့ဆုငွေကို လိုချင်တဲ့လူတွေရဲ့ လက်ချက်နဲ့ ဒုက္ခရောက်သွားလိမ့်မယ်"

ရှောင်ကျင်းက ...

"ကျွန်တော် ဘာလုပ်ရမလဲ"

ဟု လွှတ်ခနဲ မေးလိုက်လေသည်။

အရက်သမားက ...

"အကောင်းဆုံးကတော့ သက်တော်ရှည်အမတ်ကြီး သွားတွေ့တာပဲကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ရှောင်ကျင်း ရင်ထိတ်သွားလေသည်။

အရက်သမားက …

"သက်တော်ရှည်အမတ်ကြီးတစ်ယောက်တည်းကပဲ မင်းကို ကူညီနိုင်လိမ့်မယ်"

"ကျွန်တော်"

"မင်းဟာ နန်းတော်ထဲကို သွားစရာမလိုပါဘူး၊ သက်တော်ရှည်အမတ်ကြီးဟာ မကြာခင်မှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို စုံစမ်းဖို့ နန်းတော်က ထွက်လာလိမ့်မယ်၊ မင်းက အခြေအနေစောင့်ကြည့်ပြီး အခွင့်အသာမယ့်တစ်နေရာမှာ သွားတွေ့လိုက်ပေါ့"

ရှောင်ကျင်းက …

"ခုလို အကြံဉာဏ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

အရက်သမားက …

"မင်းက ငါ့ကို တကယ့်ကိုကျေးဇူးတင်တယ်ပေါ့ … ဟုတ်လား"



"ဟုတ်ပါတယ်"

"ဒါဖြင့် ငါ့ကို အရက်တိုက်မလား"

"ဗျာ"

"ငါ့ကို ကျေးဇူးတင်တယ်ဆိုရင် အရက်တိုက်သင့်တာပေါ့ကွာ"

အရက်သမားသည် အလွန်ထူးခြားသူတစ်ယောက်ဖြစ်ကြောင်း ရှောင်ကျင်း နားလည်လိုက်လေသည်။

ထို့ကြောင့် …

"ကောင်းပါပြီ ခင်ဗျာ"

ဟု ပြောလိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောမိန်းကလေး

မြို့ကလေးသည် စည်စည်ကားကား ရှိလှပေသည်။

ရှောင်ကျင်းနှင့်အရက်သမားတို့သည် မြို့ထဲရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ရောက်ရှိနေကြပြီဖြစ်လေသည်။

ရှောင်ကျင်းကပင် စားသောက်ဖွယ်ရာများနှင့်အရက်ကို မှာကြားကာ ကျွေးမွေးလိုက်လေသည်။

အရက်သမားက အားရကျေနပ်စွာဖြင့် ...

"မင်းဟာ တကယ့်ကို ကျေးဇူးသိတတ်တဲ့ ကောင်လေး တစ်ယောက်ပဲ"

ဟုပြောကာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်လေတော့သည်။

ရှောင်ကျင်းက ဗိုက်ဖြည့်သည့်အနေဖြင့် စားသောက်နေလိုက်သည်။



ထိုစဉ် ...

'ခွပ် ... ခွပ်'

'ခွပ် ... ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း လှမ်းကြည့်လိုက်သောအခါ မြင်းစီးသမားတစ်စုသည် ဆိုင်ရှေ့မှ ဒုန်းစိုင်းစီးနင်းလာကာ ဖြတ်ကျော်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

"တောင်ပိုင်းနယ်စားရဲ့လူတွေပဲ"

ဟု ရေရွတ်လိုက်လေသည်။

အရက်သမားက လက်ဇော့ယမ်းပြလိုက်ပြီး ...

"ပူမနေစမ်းပါနဲ့ကွာ၊ တောင်ပိုင်းနယ်စားရဲ့လူတွေက နေရာအနှံ့မှာ ခြေချင်းလိမ်နေတာပဲ၊ မဆန်းပါဘူး"

ဟု အမှုမထားသော လေသံဖြင့် ပြောလာသည်။ ရှောင်ကျင်း သက်ပြင်းချလိုက်လေသည်။

တောင်ပိုင်းနယ်စား၏လူများနှင့် ငွေမက်သောသိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



များသည် သူ့အား သဲကြီးမဲကြီး လိုက်ရှာနေကြမည်မှာ သေချာလှပေတော့သည်။

ရှောင်ကျင်း စိုးရိမ်ပူပန်နေစဉ် မလှမ်းမကမ်း၌ စားပွဲတစ်လုံး၌ စားသောက်နေသူနှစ်ယောက်၏စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟေ့ ... တို့ကြားတဲ့သတင်း မှန်နေပြီထင်တယ်"

"ဟုတ်မယ်ကွ၊ မြွေခွေးမောင်နှံဟာ ချန်အန်းအရှုပ်တော်ပုံထဲမှာ ပါဝင်ပတ်သက်ခဲ့ကြလို့ တောင်ပိုင်နယ်စားက သူတို့ကို အလိုရှိနေတယ်ဆိုပဲကွ"

"အေး ... တို့လိုက်သွားပြီး အခြေအနေကြည့်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ"

"သွားစို့"

နှစ်ယောက်သား စားသောက်ခကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ထွက်သွားကြလေသည်။

ရှောင်ကျင်းသည် ထိုလူနှစ်ယောက်ပြောသွားသော စကားများကိုကြားလျှင် စိတ်ဝင်စားသွားသည်။



အရက်သမားကို လှမ်းကြည့်လိုက်သောအခါ အရက်သမားက သူ့အား ပြုံး၍ကြည့်နေသည်ကို တွေ့ရလေသည်။

"ဘာလဲ ... မင်း စိတ်ဝင်စားနေသလား"

ဟု မေးလာလေသည်။

ရှောင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

အရက်သမားက ...

"မင်းက မြွေခွေးမောင်နှံတို့၊ ချန်အန်းအရှုပ်တော်ပုံတို့ဆိုတာတွေကို သိလို့လား"

"ဒါတော့ ကျွန်တော် မသိပါဘူး"

"အေး ... မသိရင်မှတ်ထား ... ချန်အန်းအရှုပ်တော်ပုံဆိုတာ မင်းအဖေနဲ့ ရွှေကြိုးကြာမင်းသားရဲ့ အထောက်တော်ကို ဖမ်းမိတဲ့ကိစ္စကို ပြောတာကွ"

"ဒါဖြင့် မြွေခွေးမောင်နှံကရော"

"မြွေခွေးမောင်နှံဆိုတာ အနက်ရောင်သိုင်းသမား ဇနီးမောင်နှံနှစ်ယောက်ကိုပြောတာ၊ မြွေခွေးယိုချီနဲ့ သူ့ဇနီးကူးလျှံတို့ပဲ ဖြစ်တယ်၊ မင်းအဖေနဲ့ ချိန်းတွေ့ခဲ့တယ်ဆိုတဲ့ ရွှေကြိုးကြာမင်းသားရဲ့

www.burmeseclassic.com

www.burmeseclassic.com



အထောက်တော်ဟာ မြေခွေးယိုချီပဲ ဖြစ်တယ်”

ရှောင်ကျင်းက ...

“ဒါဖြင့် ဖေဖေနဲ့အတူ အဖမ်းခံလိုက်ရတဲ့ မြေခွေးယိုချီဟာ သေဆုံးသွားပြီပေါ့”

အရက်သမားက ...

“ဟုတ်တယ်၊ သူ့ကို တောင်ပိုင်းနယ်စားရဲ့လူတွေက အဖမ်းမခံဘဲ ခုခံနေလို့ တိုက်ခိုက်ရင်း လက်လွန်သွားတယ်လို့ ပြောကြတယ်”

ရှောင်ကျင်းက ...

“သူတို့ တမင်နှုတ်ပိတ်ပစ်လိုက်တာ ဖြစ်မှာပေါ့”

အရက်သမားက ...

“သေချာတာပေါ့ကွာ”

ရှောင်ကျင်းက ...

“အခု မြေခွေးမောင်နှံဆိုတာကရော”

အရက်သမားသည် အနည်းငယ်စဉ်းစားလိုက်ပြီး ...

“မြေခွေးယိုချီက သေသွားပြီဆိုတော့ သူ့ရဲ့ဇနီးသည် ကူးလျှံကို ပြောတာပဲဖြစ်မယ်”



“ကူးလျှံက”

“သူက ခင်ပွန်းသည်သေသွားတော့ ဘယ်ကျေနပ်ပါ့မလဲ၊ မင်းက သူနဲ့သွားတွေ့လိုက်ရင်တော့ အကြောင်းထူးလာမယ်လို့ ငါထင်တယ်”

ထိုစကားကြားလျှင် ရှောင်ကျင်း စိတ်လှုပ်ရှားသွားလေသည်။

ဦးတည်ရာမဲ့ သွားနေရမည့်အတူတူ ရရှိလာသော သဲလွန်စနောက်သို့လိုက်ခြင်းက အကောင်းဆုံးဖြစ်မည် မဟုတ်ပါလား။

ရှောင်ကျင်းက ...

“ဟုတ်တယ် ... ကျွန်တော် သွားမယ်”

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။

အရက်သမားသည် အရက်အိုးကိုဆွဲပြီး ...

“ငါလည်း လိုက်မှာပေါ့ကွာ”

ဟု ပြောလေသည်။

ရှောင်ကျင်း ဝမ်းသာသွားလေသည်။

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

နှစ်ဦးသား ဆိုင်ထဲမှ အလျင်အမြန် ထွက်လာခဲ့ကြလေတော့သည်။

✳



နေမွန်းတည့်တော့မည်ဖြစ်သည်။

အရက်သမားနှင့်ရှောင်ဇီကျင်းတို့သည် တောင်ပိုင်းနယ်စား၏လူများကို နောက်ယောက်ခံလိုက်ခဲ့ကြရာ တောအုပ်တစ်ခုသို့ ရောက်ရှိလာကြလေသည်။

တောင်ပိုင်းနယ်စား၏လူများသည် မြင်းများကို တောအုပ်အပြင်ဘက်၌ ထားမစ်ခဲ့ကာ တောအုပ်ထဲသို့ အလျှိုလျှိုဝင်သွားကြပြီး ပျောက်ကွယ်သွားကြလေသည်။

အရက်သမားက ...

"တောအုပ်ထဲ ဝင်ကြမယ်၊ သတိထားနော်"

ဟု တိုးတိုးမှာကြားလေသည်။

"ဟုတ်ကဲ့"

သူတို့သည် သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူ

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲ ဝင်သွားကြလေသည်။

မကြာပါချေ ...။

တောအုပ်အတွင်း၌ မြေကွက်လပ်တစ်ခုရှိနေပြီး ထိုမြေကွက်လပ်တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေး တစ်လုံးရှိနေသည်ကို တွေ့ရလေသည်။

ထိုသစ်လုံးအိမ်လေး၏အနောက်ဘက် မီးခိုးခေါင်းတိုင်မှ မီးခိုးများ ထွက်နေသည်ကို တွေ့ရ၏။

ထို့အပြင် ...

တောင်ပိုင်းနယ်စား၏လူများသည် အိမ်ပတ်လည်၌တွင် ပုန်းအောင်းကာ ဝိုင်းရံထားကြသည်ကို တွေ့ရလေသည်။

ရှောင်ကျင်းနှင့်အရက်သမားတို့က ချုံပုတ်ကြီးတစ်ခု နောက်ကွယ်မှ ပုန်းအောင်းကာ ချောင်းကြည့်လိုက်ကြလေသည်။

အရက်သမားက ...

"သစ်လုံးအိမ်လေးထဲမှာ မြေခွေးယိုချီရဲ့ဇနီးကူးလျှံ နေလိမ့်မယ်၊ တောင်ပိုင်းနယ်စားရဲ့လူတွေ ခုထိ မလှုပ်ရှားသေးတာ တစ်ယောက်ယောက်ကို စောင့်နေကြတာပဲ ဖြစ်ရမယ်"

ဟု ရှင်းပြလေသည်။



တောင်ပိုင်းနယ်စား၏လူများသည် မည်သူ့အား စောင့်ဆိုင်းနေကြခြင်း ဖြစ်ပါသနည်း။

မကြာပါချေ ...။

သစ်လုံးအိမ်လေး တံခါးပွင့်သွားပြီး အရုပ်ဆိုးအကျည်းတန်လှသော အမျိုးသမီးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုအမျိုးသမီးသည် ရေဖလုံတစ်လုံးကို လက်ထဲကိုင်ထား၏။

သူမသည် အိမ်ဝဲဘက်သို့ လျှောက်သွားပြီး ရေသွန်လိုက်၏။

ထို့နောက် အိမ်ကလေးဆီသို့ ပြန်လျှောက်သွားသည်။

သူမသည် အိမ်ထဲဝင်ရန် ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကို သတိပြုမိလိုက်သည့်အလား နောက်လှည့်ကြည့်လာသည်။

တစ်ဖန် နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံနေသည်။

အရက်သမား ပြုံးလိုက်သည်။

"သူက ငါ့ဆီက အရက်နံ့ရသွားပြီကွ"

ဟု တီးတိုးပြောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ဘယ်သူလဲ ... ထွက်ခဲ့စမ်း"

အကျည်းတန်အမျိုးသမီး၏ကျယ်လောင်သော အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းပင် သူမသည် ရေဇလုံကိုချကာ လက်တစ်ဖက် ဝှေ့ယမ်းလိုက်လေသည်။

'ဝှစ် ... ဝှစ် ... ဝှစ်'

လက်နက်ပုန်းကလေးများ ပစ်လွှင့်သွားပြီး သစ်ပင်ချုံပုတ်များကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

မရှေးမနှောင်းမှာပင် ...

"အား"

"အမယ်လေး"

"သေပါပြီဗျို့"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

အကျည်းတန် အမျိုးသမီး (ဝါ) ကူးလှို၏လက်ချက်ဖြင့် ပုန်းအောင်းနေကြသော တောင်ပိုင်းနယ်စား၏လူအချို့ လက်နက်ပုန်း ထိမှန်သွားကြောင်း ထင်ရှားနေလေသည်။



အရက်သမားက ...

"ကောင်းတယ်၊ ခုတော့ ခိုးကြောင်ခိုးဝှက် လုပ်လို့မရတော့ဘူး ဟုတ်လား"

ဟု ရေရွတ်ကာ အရက်တစ်ကျိုက် မော့သောက်လိုက်လေသည်။

တောင်ပိုင်းနယ်စား၏လူများသည် ကူးလှို၏က စတင်တိုက်ခိုက်လာသည်နှင့် ငြိမ်မနေနိုင်တော့ဘဲ ...

"တိုက်ကြဟေ့"

"တိုက်ကြဟေ့"

ဩသံပေးကာ ပုန်းကွယ်နေရာမှ ထွက်ပြေးလာကြပြီး တရကြမ်း တိုက်ခိုက်လိုက်ကြလေတော့သည်။

ကူးလှို ဒေါသဖြစ်သွားပုံရလေသည်။

"သေပေတော့"

ဟု ကြုံးဝါးကာ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်ပြန်သည်။

ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမယ်လေး"

"သေပါပြီဗျ"

အော်သံဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

တောင်ပိုင်းနယ်စား၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ကျန်လူများသည်လည်း ရှေ့မတိုးဝံ့ကြတော့ဘဲ နောက်ဆုတ်သွားကြရလေသည်။

ထိုမြင်ကွင်းကိုကြည့်ကာ အရက်သမားက …

"ကူးလျှံက သူ့ရဲ့ခင်ပွန်း ယိုချီထက်တောင် ကြောက်စရာကောင်းသေးတယ်၊ သူ့ရဲ့အဆိပ်ပုန်းလက်နက်ပညာဟာ သိုင်းလောကမှာ နံပါတ်ဆယ့်သုံး အဆင့်ရှိတယ်"

ဟု ပြောပြလေသည်။

ရှောင်ကျင်းက အကယ်၍ ကူးလျှံနှင့် ထိပ်တိုက်တွေ့ပါက မည်သို့ရင်ဆိုင်ရမည်ကို တွေးတောစဉ်းစားနေလိုက်လေသည်။

တောင်ပိုင်းနယ်စား၏လူများကား မလှမ်းမကမ်းသို့ ဆုတ်သွားကြပြီး ကူးလျှံအား ဝိုင်းရံထားလိုက်ကြသည်။



ကူးလျှံက ဒေါသတကြီးဖြင့် …

"သေချင်ကြပြီထင်တယ်၊ ခုထိ ထွက်မသွားကြသေးဘူးလား"

ဟု အော်ငေါက်ကာ လက်နက်ပုန်းများဖြင့် ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် …

"တယ်လဲ ဒေါသကြီးပါလားဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် သစ်လုံးအိမ်ရှေ့သို့ ရိပ်ခနဲရောက်ရှိလာလေသည်။

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ"

ရှောင်ကျင်း မနေနိုင်ဘဲ လွှတ်ခနဲ ချီးကျူးလိုက်မိလေသည်။

အရက်သမားက …

"တောင်ပိုင်းနယ်စား ခေါ်ထားတဲ့ သိုင်းထိပ်သီးတွေ ရောက်လာကြပြီ၊ သတိနဲ့သာ နေပေတော့"

ဟု တီးတိုးသတိပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက မြေကွက်လပ်သို့ ရောက်လာသူကို သေသေချာချာ ကြည့်လိုက်လေသည်။

ထိုလူမှာ အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး နီကြင်ကြင် ဆံပင်များ ရှိလေသည်။

ရုတ်တရက်ကြည့်လျှင် ခြင်္သေ့ကြီးတစ်ကောင်နှင့် တူလှပေသည်။

ကူးလျှံသည် ထိုလူကိုမြင်လျှင် ...

"ခြင်္သေ့ကြီးထိကျင်း ... ရှင်က ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

ခြင်္သေ့ကြီးထိကျင်းဆိုသူက တဟားဟား ရယ်မောလိုက်ပြီး

"ဘာသဘောရမလဲ၊ မြေခွေးဖမ်းဖို့ လာခဲ့တာပေါ့"

"ဘာရှင့်"

"မင်းကို တောင်ပိုင်းနယ်စားက အလိုရှိနေတယ်၊ ဒါကြောင့် မင်း အေးအေးဆေးဆေး လိုက်ခဲ့ရင်ကောင်းမယ်"

ကူးလျှံ မဲ့ပြုံးပြုံးလိုက်သည်။

"နယ်စားကြီးက တော်တော်ယုတ်မာပါလား၊ သူ့အတွက် အလုပ်လုပ်ပေးခဲ့တဲ့လူတွေကို ခုချိန်မှာ မလိုအပ်တော့တာနဲ့ နှုတ်



ပိတ်ပစ်ချင်နေပြီပေါ့ ... ဟုတ်လား"

ခြင်္သေ့ကြီးထိကျင်းက ...

"ဒါတွေ ကျုပ်မသိဘူး၊ နယ်စားကြီးက မင်းကို ဖမ်းခေါ်လာဖို့ပဲ အမိန့်ပေးလိုက်တယ်"

ကူးလျှံက ...

"ကျွန်မက အဖမ်းမခံဘူးဆိုရင် ကျွန်မရဲ့ယောက်ျားလိုပဲ သတ်ပစ်လိုက်ကြမှာပဲ မဟုတ်လား"

ခြင်္သေ့ကြီးထိကျင်းက ...

"ဒါကတော့ နယ်စားကြီးနဲ့တွေ့မှ စာရင်းရှင်းရင်ကောင်းမယ်"

ကူးလျှံက ...

"စိတ်ချ ... ရှင်တို့နယ်စားကြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာ လူသိရှင်ကြား ဖွင့်ချဖို့ ကျွန်မ ဆုံးဖြတ်ပြီးပြီ"

ခြင်္သေ့ကြီး ထိကျင်းက ...

"ကူးလျှံ ... မင်းကိုယ်မင်း ပြန်စဉ်းစားကြည့်စမ်းပါ၊ မင်းပြောတဲ့စကားကို ဘယ်သူက ယုံကြည်မှာလဲ၊ ဘယ်မှာလဲ သက်သေအထောက်အထား၊ နယ်စားကြီးအပေါ် မတရားစွပ်စွဲတယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုတောင် ပိုပြီးမုန်းတီးသွားကြဦးမယ်"

ကူးလှျံ မျက်နှာပျက်သွားလေသည်။

"ဤနံမယောက်ျားကသာ မြို့စားကြီး ရှောင်ဖုံးဆီက သက်သေအထောက်အထားကို ယူထားခဲ့နိုင်ရင် ရှင်တို့ ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

ခြသေ့်ကြီးထိကျင်း ခေါင်းခါယမ်းလိုက်သည်။

"မြို့စားကြီး ရှောင်ဖုံးဆီမှာလည်း ဘယ်လိုသက်သေအထောက်အထားမှ မရှိပါဘူး"

"ဘာရှင့်"

"ကဲ ... ကြာဖါတယ်၊ မင်း အေးအေးဆေးဆေး အဖမ်းခံမလား၊ အသက်သေခံမလား ကြိုက်ရာလမ်းကို ရွေးပေးတော့"

ကူးလှျံက အံကြိတ်ကာ ...

"ရှင်ကရော ဘယ်လောက်များ တတ်နိုင်မှာမို့လဲ"

ဟု အော်ငေါက်လိုက်ကာ လက်နက်ပုန်းဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

'ဝှစ် ... ဝှစ် ... ဝှစ်'

အဆိပ်အပ်ကလေးများသည် ခြသေ့်ကြီး ထိကျင်းထံသို့ ပစ်



လွင့်သွားလေသည်။

ထိကျင်းက ...

"မင်းပညာ ဒါအကုန်ပဲလား"

ဟု ပြောကာ ဝတ်ရုံနီကြီး ဝှေ့ယမ်းလိုက်လေသည်။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာပြီး လက်နက်ပုန်းလေးများမှာ မြေပေါ်ပြုတ်ကျသွားလေတော့သည်။

ကူးလှျံသည် အခြေအနေမဟန်သည်ကိုတွေ့ရလျှင် ဓားမြှောင်နှစ်လက်ဆွဲကာ ခုန်ဝင်တိုက်ခိုက်လိုက်၏။

ထိကျင်းကလည်း လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်၏။

သစ်လုံးအိမ်လေးရှေ့၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com

ရှောင်ကျင်းက တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေ၏။

ယခုမှ ...

သိုင်းလောကရှိ ထိပ်သီးသိုင်းသမားများ၏တိုက်ပွဲကို လက်တွေ့ တွေ့မြင်ရခြင်းဖြစ်ပြီး သူ့အတွက် ဗဟုသုတတိုးပွားလာစေတော့သည်။

ထိုစဉ် ...

"တို့သွားကြစို့"

အရက်သမားက ပြောလာလေသည်။

ရှောင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

အရက်သမားက ...

"ဒီမှာဆက်နေရင် ငါတို့အတွက် အန္တရာယ်များတယ်၊ အခု



ဒီကို ထိပ်သီးသိုင်းသမား အနည်းဆုံး သုံးယောက်လောက် ရောက်နေပြီ"

ရှောင်ကျင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ ထူးခြားမှု မတွေ့မမြင်မိချေ။

ရုတ်တရက် အရက်သမား မျက်နှာပျက်သွားသည်ကို တွေ့လိုက်ရ၏။

"အသံမထွက်နဲ့ ... မင်း ဒီမှာပဲ ပုန်းနေ"

ဟု မှာကြားကာ ချုံပုတ်အပြင်ဘက်သို့ ခုန်ထွက်ကာ ...

"ကျုပ်က ဒီမှာဗျ"

ဟု အော်ပြောလိုက်လေသည်။

မရှေးမနှောင်းမှာပင် အဝတ်အစား လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာပြီး လူရိပ်သုံးခု တစ်ဟုန်ထိုး ပြေးလွှားလာနေသည်ကို တွေ့လိုက်ရ၏။

အရက်သမားက ...

"ကျုပ်ကို မီအောင်လိုက်ကြပေတော့"

ဟု အော်ပြောကာ ပြေးလွှားသွားလေသည်။

လူရိပ်သုံးခုကလည်း တစ်ဟုန်ထိုး လိုက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေတော့သည်။

⁂



ရှောင်ကျင်း ရင်ထိတ်နေသည်။

ယနေ့အဖို့ ထိပ်တန်းသိုင်းသမားများနှင့် လာတွေ့နေရသည် မဟုတ်ပါလား။

အရက်သမားနှင့် လူရိပ်သုံးခုကား မြင်ကွင်းမှ ပျောက်ကွယ်သွားကြပြီ ဖြစ်လေသည်။

ရှောင်ကျင်းက သစ်လုံးအိမ်လေးမှ တိုက်ပွဲကို လှမ်းကြည့်လိုက်၏။

ထိုစဉ် ...

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကူးလျှံမှာ ရုးရှစ္စာအော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟား ... ဟား ... ဟား"

ခြသေ့်ကြီးထိကျင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

မြေပေါ်လဲကျနေသော ကူးလျှံကိုကြည့်လိုက်ပြီး ...

"မင်း ဘာတတ်နိုင်သေးသလဲ၊ ကဲ ... လင်းနို့ ဘယ်မှာရှိတယ်ဆိုတာကိုပြော၊ မပြောရင် မင်း ဒုက္ခရောက်သွားလိမ့်မယ်"

ဟု အော်ငေါက်လိုက်လေသည်။

ကူးလျှံက မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

သူမ၏နှုတ်ခမ်းထောင့်မှသွေးများ ယိုစီးကျနေပါသည်။

ဒဏ်ရာပြင်းစွာ ရသွားပြီဖြစ်ကြောင်း ထင်ရှားနေသည်။

ထိကျင်းက ...

"လင်းနို့ ဘယ်မှာလဲ ... ပြောစမ်း"

သူ ငေါက်လိုက်သည်။

ကူးလျှံက ...

"မသိဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ထိကျင်းက ...



"ချန်အန်းမြို့ပြင်ကကိစ္စမှာ မြေခွေးမောင်နှံရယ်၊ ဘီလူးညီနောင်ရယ်၊ လင်းနို့ရယ် အားလုံးပေါင်း ငါးယောက် တာဝန်ယူခဲ့ကြတာပဲ၊ မြေခွေးယိုချီက သေပြီ၊ မင်းလည်း ပြေးလို့မရတော့ဘူး၊ ကဲ ... လင်းနို့ ဘယ်မှာလဲ ... ပြောပါ"

ကူးလျှံက ...

"ကျွန်မတို့ငါးယောက်က နယ်စားကြီးအမိန့်နဲ့ ချန်အန်းမြို့စား ရှောင်ဖုံးကို ဝိုင်းပြီးလုပ်ကြံခဲ့ကြတယ်၊ ဒီအကြောင်း မပေါ်ပေါက်စေချင်လို့ ကျွန်မတို့ကို နှုတ်ပိတ်ချင်နေကြတာ မဟုတ်လား"

ထိကျင်းက ...

"စကားမရှည်နဲ့ ... လင်းနို့ ဘယ်မှာလဲ"

ကူးလျှံ မဲ့ပြုံးပြုံးကာ ...

"ဘီလူးညီနောင်အကြောင်းရော မမေးတော့ဘူးလား၊ သူတို့ကို ရှင်တို့ ခြေရာခံမိနေကြပြီ မဟုတ်လား"

ထိကျင်းက ...

"လင်းနို့ ဘယ်မှာလဲ"

"ကျွန်မ မသိဘူး"

"မင်း သိရမယ်၊ လင်းနို့ဟာ ခြေရာပျောက်မသွားခင်

www.burmeseclassic.com

www.burmeseclassic.com



မင်းဆီကို ရောက်လာသေးတယ်ဆိုတာ ကျုပ်တို့ သတင်းရထားပြီး ပြီ"

ကူးလျှံက ရင်ကော့ကာ ...

"ကျွန်မကို သတ်ချင်ရင် သတ်ပစ်လိုက်၊ လင်းနို့ ဘယ်မှာ ရှိတယ်ဆိုတာကို သိရင်တောင် မပြောဘူး"

ထိကျင်း ဒေါပွသွားလေသည်။

"မင်း သေချင်နေပြီကိုး၊ ကောင်းပြီ"

စကားဆုံးလျှင် ရှေ့တိုးကာ လက်ဝါးဖြင့် ရိုက်ချရန် ဟန် ပြင်လိုက်၏။

ထိုစဉ် ...

"ရပ်လိုက်"

ရှောင်ကျင်းက ဟန့်တားရင်း ပုန်းကွယ်နေရာမှ ခုန်ထွက် လိုက်လေတော့သည်။

*



ရှောင်ကျင်းသည် ထိကျင်းနှင့်ကူးလျှံတို့ ပြောဆိုနေကြ သော စကားများကြားလျှင် ဒေါသခြောင်းခြောင်း ထွက်လာလေ သည်။

သူ၏ဖခင်မှာ တောင်ပိုင်းနယ်စား စေလွှတ်လိုက်သည့် ကြေးစားသိုင်းသမားငါးယောက်၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာပြီ မဟုတ်ပါလား။

ရှောင်ကျင်း ခုန်ထွက်လာသည်ကိုမြင်လျှင် ထိကျင်း မျက် မှောင်ကြုတ်သွားလေသည်။

ရှောင်ကျင်းအား ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"မင်းက ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မြို့စားကြီးရှောင်ဖုံးရဲ့သား ရှောင်ကျင်းပဲ"

ဟု ပြောလိုက်သည်။

"ဟင်"

"ဟာ"

ရှောင်ကျင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အားလုံး အံ့သြသွားကြ၏။

ထိကျင်းက ...

"ရှောင်ကျင်းဆိုတာ မင်းကိုး၊ အတော်ပဲ မင်းကို အပင်ပန်းခံပြီး လိုက်ရှာနေစရာ မလိုတော့ဘူးပေါ့၊ ဟေ့ ... သူ့ကို ဝိုင်းဖမ်းလိုက်ကြစမ်း"

ဟု သူ၏လူများကို လက်ငှေ့ယမ်းပြကာ အမိန့်ပေးလိုက်လေသည်။

ထိုအခါ ...

"ယား"

တောင်ပိုင်းနယ်စား၏လူများသည် ရှောင်ကျင်းထံ တစ်ရှိန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ရှောင်ကျင်းကလည်း ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်



လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

'ဝုန်း'

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ တောင်ပိုင်းနယ်စား၏လူများ ဖရိုဖရဲ လွင့်စဉ်ကုန်ကြလေတော့သည်။

"ဟင်"

ထိကျင်း အံ့သြသွားသည်။

ရှောင်ကျင်းသည် ခေသူမဟုတ်ကြောင်း သဘောပေါက်လိုက်သဖြင့် ...

"သိကြသေးတာပေါ့"

ဟု ကြုံးဝါးကာ ကိုယ်တိုင်ခုန်ဝင်လာလေသည်။

ရှောင်ကျင်းကလည်း ရင်ဆိုင်လိုက်၏။

ထိကျင်းက ...

"မင်းခံနိုင်ရင် ခံပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးရင်း လက်ဝါးနှစ်ဖက်၌ အတွင်းအား စုသွင်းကာ ရိုက်ချလိုက်လေသည်။

ရှောင်ကျင်းသည် ဒေါပွနေသည့်အလျောက် ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ လက်ဝါးနှစ်ဖက်ဖြင့် ခုခံပေးလိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်သည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ရှောင်ကျင်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

"ဟား ... ဟား ... ဟား"

ထိကျင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ရှောင်ကျင်း အံ့သြနေသည်။

သူသည် သိုင်းကဝိကျူးစင်ထံ၌ သိုင်းပညာ သင်ကြားခဲ့ရပါသော်လည်း သူ၏ပညာမှာ သူတစ်ပါးနှင့်ယှဉ်လျှင် နိမ့်ကျနေသည် မဟုတ်ပါလား။

အမှန်တော့ ...

ရှောင်ကျင်းသည် သိုင်းကဝိကျူးစင်သင်ပေးသော ပညာကို



ထိထိရောက်ရောက် လက်တွေ့အသုံးမချနိုင်သေးခြင်းကြောင့် ဖြစ်လေသည်။

ထို့အပြင် ...

သူ၏အတွင်းအားမှာ နုနယ်သေးသည်။

အတွင်းအားကောင်းသည့် ထိကျင်းကို ထိပ်တိုက်ရင်ဆိုင်လိုက်ခြင်းကြောင့် အရေးနိမ့်သွားခြင်းလည်း ဖြစ်သည်။

ထိကျင်းက ...

"ကဲ ... ဒီကောင်ကို ဖမ်းလိုက်ကြစမ်း"

ရှောင်ကျင်း အခက်ကြုံသွား၏။

ထိုစဉ် ...

"မင်း ဘယ်ပြေးမလဲ"

တောင်ပိုင်းနယ်စား၏လူသုံးယောက်က ပြေးဝင်လာကြသည်။

သို့သော် ...

ထိုလူသုံးယောက်သည် လမ်းခုလတ်မှာပင် ခန္ဓာကိုယ်ဆတ်ခနဲ ဆတ်ခနဲ တုန်ခါသွားကာ မြေပေါ် ဘိုင်းခနဲ ဘိုင်းခနဲ လဲကျသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မျက်လုံးပြူးသွားသည်။

တစ်စုံတစ်ယောက်၏ချောင်းမြောင်း တိုက်ခိုက်ခြင်း ခံလိုက်ရပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထို့ကြောင့် ...

"ဘယ်သူလဲ ... ထွက်ခဲ့စမ်း"

ဟု အော်ပြောလိုက်လေသည်။

မရှေးမနှောင်းမှာပင် လူ ရိပ်တစ်ခုသည် မြေကွက်လပ်သို့ ရောက်ရှိလာလေသည်။

အနက် ရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

သူမ၏မျက်နှာကို ဇာပဝါအနက်ဖြင့် ဖုံးကွယ်ထားသည်။

မျက်နှာကို မမြင်ရသော်လည်း အသက်နှစ်ဆယ်ကျော် ပတ်ဝန်းကျင်သာ ရှိမည်ဟု ခန့်မှန်းရလေသည်။

ထိကျင်းက မကျေမနပ်ဖြင့် ...

"မိန်းကလေး ... မင်း ဘယ်သူလဲ၊ ဘာကြောင့် ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်ရတာလဲ"

ဟု ငေါက်လိုက်လေသည်။



မိန်းကလေးက ...

"ရှင်တို့ ဒီနေရာက မြန်မြန်ထွက်သွားကြရင် ကောင်းမယ်"

ထိကျင်းက ...

"ကျုပ်က မသွားဘူးဆိုရင်"

သူ၏စကားမဆုံးမီ မိန်းကလေးသည် သူ၏အနီးသို့ ရောက်ရှိသွားပြီး ပါးနှစ်ချက် ရိုက်ပြီးသား ဖြစ်သွားလေသည်။

'ဖြန်း ... ဖြန်း'

ထိကျင်းမှာ ပါးပြင်နှစ်ဖက် ထူပူသွားခြင်းကြောင့် ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

မိန်းကလေးကိုလည်း မယုံကြည်နိုင်စွာကြည့်ရင်း ...

"မင်း ... မင်း"

မိန်းကလေးက ...

"ကျွန်မ ထပ်ပြောမယ်၊ ရှင်တို့ ဒီနေရာကနေ မြန်မြန်ထွက်သွားကြပါ"

ယခုတစ်ကြိမ် ထိကျင်း ခေါင်းမမာဝံ့တော့ချေ။

အံကို တင်းတင်းကြိတ်ရင်း ...

"မင်း သတိထားပြီးသာ နေပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးကာ ချာခနဲလှည့်ပြီး ထွက်ပြေးသွားလေတော့သည်။

ဤတွင် တောင်ပိုင်းနယ်စား၏လူများသည်လည်း မနေဝံ့တော့ဘဲ ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

✳ ✳ ✳



## လျှို့ဝှက်ချက်

ထိကျင်းတို့လူစု ထွက်သွားကြပြီ ဖြစ်လေသည်။

ရှောင်ကျင်း တအံ့တသြဖြစ်နေ၏။

အနက်ရောင်မိန်းကလေးသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ထိပ်တန်းသိုင်းပညာတတ်မြောက်ထားသည် မဟုတ်ပါလား။

ရှောင်ကျင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ...

"ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်လေသည်။

မိန်းကလေးက ရှောင်ကျင်းကို ဂရုမစိုက်ပါချေ။

ကူးလျှံဘက်သို့လှည့်ကာ ...

"ရှင်ဟာ ချန်အန်းမြို့စားကြီး ရှောင်ဖုံးကို လုပ်ကြံခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြေးစားငါးယောက်ထဲမှာ ပါဝင်ခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။

ကူးလျှံက ဘာမှမပြောဘဲနေလေသည်။

မိန်းကလေးက …

"တောင်ပိုင်းနယ်စားဟာ မြို့စားကြီးရှောင်ဖုံးကို အကောက်ကြံခဲ့တယ်၊ ရွှေကြိုးကြာမင်းသားနဲ့ ဆက်သွယ်ပြီး သစ္စာဖောက်တယ်လို့ သတင်းလွှင့်ခဲ့တယ်၊ တစ်ဖက်ကလည်း မြို့စားကြီးရှောင်ဖုံးကို လက်ဦးအောင် ကြေးစားတွေလွှတ်ပြီး လုပ်ကြံခဲ့တယ်၊ အဲဒီကြေးစားတွေထဲမှာ ရှင်တို့ဇနီးမောင်နှံလည်း ပါဝင်နေတယ်၊ မြို့စားကြီးကို လုပ်ကြံပြီးတာနဲ့ ရှင်တို့ကိုပါ တောင်ပိုင်းနယ်စားက နှုတ်ပိတ်ပစ်ဖို့ ကြိုးစားခဲ့တာကြောင့် ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးရတယ်၊ ဒါပေမဲ့ ရှင့်ရဲ့ခင်ပွန်းသည်လည်း ကံဆိုးသွားခဲ့တယ်၊ တောင်ပိုင်းနယ်စား လွှတ်လိုက်တဲ့လူတွေရဲ့လက်ချက်နဲ့ သေသွားရတယ်"

ဟု ပြောလေသည်။

ကူးလျှံက …

"ညည်း ဒီလောက်သိနေမှတော့ ငါက ဘာမှပြောစရာ မလိုတော့ပါဘူး"



ဟု အငေါ်တူးလိုက်လေသည်။

မိန်းကလေးက …

"ကျွန်မက စေတနာနဲ့ ပြောနေတာ၊ ရှင်တို့အပေါ် အကောက်ကြံခဲ့တဲ့ တောင်ပိုင်းနယ်စားကို မဆုံးမချင်ဘူးလား"

"ဘာ"

"ရှင်က ဒီအတိုင်းနေမယ်ဆိုရင် တောင်ပိုင်းနယ်စားလွှတ်လိုက်တဲ့ လူတွေရဲ့လက်ချက်နဲ့ တစ်နေ့မဟုတ်တစ်နေ့ သေရမှာပဲရှင့်"

ကူးလျှံ မျက်နှာပျက်သွားသည်။

မိန်းကလေးပြောသည့် စကားမှန်ကန်နေသည် မဟုတ်ပါလော။

မိန်းကလေးက …

"ကျွန်မတို့နဲ့ ပူးပေါင်းပြီး တောင်ပိုင်းနယ်စားရဲ့မကောင်းတဲ့လုပ်ရပ်တွေကို ဖော်ထုတ်ပါလားရှင်"

ကူးလျှံ သက်ပြင်းချလိုက်လေသည်။

"ငါဟာ လူတိုင်းမုန်းတီးနေတဲ့ ကြေးစားတစ်ယောက်ပဲ၊ ဘဝတစ်လျှောက်လုံးမှာ ကောင်းတာ ဘာမှမလုပ်ခဲ့ဖူးဘူး၊ ငါ့ရဲ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ သွေးတွေစွန်းနေတယ်၊ ငါပြောတဲ့စကားကို ဘယ်သူက ယုံမှာလဲ"

မိန်းကလေးက ...

"ကျွန်မ ယုံတယ်ဆိုရင်ရော"

"ညည်း"

"ရှင်တို့ဟာ တောင်ပိုင်းနယ်စားကြီးရဲ့ စေခိုင်းမှုကြောင့် ချန်အန်းမြို့စားကြီး ရှောင်ဖုံးကို လုပ်ကြံခဲ့ရတယ်ဆိုတာ မကြာခင် သိုင်းလောကကို ဆင်းလာပြီး စုံစမ်းစစ်ဆေးမယ့် သက်တော်ရှည်အမတ်ကြီးဆီမှာ အမှန်အတိုင်း ဝန်ခံပါ၊ ကျွန်မက တောင်ပိုင်းနယ်စားဟာ ရွှေကြိုးကြာမင်းသားနဲ့ ဆက်သွယ်ပြီး ထီးနန်းလုယူဖို့ ကြံစည်ခဲ့တဲ့ ကိစ္စအတွက် သက်သေအထောက်အထား ရအောင်ရှာမယ်၊ ကဲ ... ဘယ့်နယ်လဲ"

ကူးလျှံ တွေဝေသွားပြီး ...

"သက်တော်ရှည်အမတ်ကြီးဆီမှာ ဝန်ခံရင် အပြစ်ပေးခံရမှာပဲ၊ ဘာထူးလို့လဲ"

ဟု ပြောလေသည်။

မိန်းကလေးက ...



"ရှင် ဒီအတိုင်းနေရင် တစ်ချိန်မဟုတ်တစ်ချိန် လုပ်ကြံခံရမှာပဲ၊ ကျွန်မပြောတဲ့နည်းလမ်းက တောင်ပိုင်းနယ်စားကို ဆုံးမနိုင်လိမ့်မယ်၊ ရှင်ကြိုက်တဲ့လမ်းရွေးပေါ့"

ထိုစဉ် ...

ရှောင်ကျင်းက ဝင်ပြောလိုက်လေသည်။

"သူ့အတွက် ကျုပ်က ရွေးချယ်ပေးမယ်"

စကားဆုံးလျှင် ကူးလျှံထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေတော့သည်။

⁂

www.burmeseclassic.com

www.burmeseclassic.com

ရှောင်ကျင်းက ကူးလျှံထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

ကူးလျှံ ထိတ်လန့်သွားပြီး ကပျာကယာ နောက်ဆုတ်လိုက်၏။

သို့တိုင် ...

ရှောင်ကျင်းက တရကြမ်း လိုက်လံတိုက်ခိုက်လိုက်သည်ဖြစ်ရာ ကူးလျှံ လွတ်အောင်မရှောင်နိုင်တော့ပါချေ။

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရပြန်၏။

"ရပ်လိုက်"



မိန်းကလေးက ဟန့်တားလိုက်သော်လည်း ရှောင်ကျင်းက အမှုမထားတော့ပါချေ။

"ခင်ဗျားတို့ဟာ ကျုပ်အဖေကို သတ်ပစ်ခဲ့ကြတယ်၊ ခင်ဗျားတို့ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး"

ဟု အော်ငေါက်ကာ ထပ်မံတိုက်ခိုက်လိုက်လေသည်။

ကူးလျှံက ...

"သွားစမ်း"

ဟု ငေါက်ကာ လက်နက်ပုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်၏။

မိန်းကလေး မနေနိုင်တော့ပါချေ။

"ရပ်လိုက်"

ဟု အော်ငေါက်လိုက်ကာ ရှောင်ကျင်း၏ရှေ့သို့ ခုန်ဝင်သွားပြီး လက်ဝှေ့ယမ်းလိုက်၏။ လက်နက်ပုန်းများ မြေပေါ်ပြုတ်ကျသွားကြသည်။

'ဖုတ် ... ဖုတ်'

ရှောင်ကျင်းက ...

"ဘေးဖယ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ငေါက်လိုက်ကာ ပြေးဝင်လာသည်။

မိန်းကလေးက ...

"ခုချိန်မှာ ရှင် တိုက်ခိုက်လို့မဖြစ်ဘူး"

ဟုပြောကာ ရှောင်ကျင်းကို တွန်းထုတ်လိုက်၏။

'ဝုန်း'

ရှောင်ကျင်း မြေပေါ်လဲကျသွားလေသည်။ မြေပေါ်မှ ချက်ချင်း ပြန်ထမလာနိုင်ပါချေ။

သူ၏နှုတ်ခမ်းထောင့်မှလည်းကောင်း၊ နှာခေါင်းထဲမှလည်းကောင်း သွေးများ ယိုစီးကျလာ၏။ မြေပေါ်တွင် လဲကျနေပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

မိန်းကလေး ထိတ်လန့်သွားသည်။

"ရှင် ... ရှင် ဘယ်လိုဖြစ်သွားတာလဲ"

ဟုမေးကာ ရှောင်ကျင်းကို ပြေး၍ပွေ့ထူလိုက်လေသည်။

ရှောင်ကျင်းကား သတိလစ်မေ့မြောနေပြီ ဖြစ်သည်။

မိန်းကလေးသည် စိုးရိမ်ပူပန်သွားပြီး ကူးလှို့ကို ကြည့်လိုက်၏။

ထိုအခါ ကူးလှို့မှာ အခွင့်အရေးရခိုက် ထွက်ပြေးသွားပြီး



အဝေးသို့ပင် ရောက်ရှိနေပြီဖြစ်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## သမီးပျို

ချင်းမိသားစုတည်းခိုခန်း ...

ရှောင်ကျင်း သတိရလာသောအခါ ချင်းမိသားစုတည်းခိုခန်း၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူ့အား မိန်းကလေးတစ်ယောက်က ခေါ်ဆောင်လာခြင်းဖြစ်သည်ဟု သိရသည်။

ရှောင်ကျင်းသည် တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်ကာ မလှုပ်မရှားနိုင်အောင် ဖြစ်နေသည်။

ထို့ကြောင့် ...

အိပ်ရာထက်၌ပင် ဆက်လက်လဲလျောင်းနေလိုက်လေသည်။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်။

ရှောင်ကျင်း မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးသည် အသက်ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်ခန့်သာ ရှိဦးမည် ထင်ရလေသည်။

မျက်နှာဝိုင်းဝိုင်းလေးနှင့် ကျစ်ဆံမြီးရှည်ရှည် နှစ်ဖက်ချထားရာ ကလေးဆန်ပြီး ချစ်စရာကောင်းသူလေး ဖြစ်လေသည်။

မိန်းကလေးသည် ရှောင်ကျင်း သတိရနေပြီဖြစ်သည်ကို တွေ့ရလျှင် ဝမ်းသာသွားလေသည်။

"အစ်ကို သတိရနေပြီကိုး၊ တော်ပါသေးရဲ့ရှင်"

ဟု ပြောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ကျုပ် ... ကျုပ်က"

"အစ်ကိုက ရှောင်ကျင်း မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

ရှောင်ကျင်းသည် သူ၏အမည်ကို မိန်းကလေးက သိနေသဖြင့် အံ့သြသွားလေသည်။

မိန်းကလေးက ပြုံးလိုက်သည်။

"အစ်ကို ဘာမှမပူနဲ့တော့၊ ကျွန်မတို့က သမားတော်ကြီး ခေါ်လာပြီး အစ်ကို့ရဲ့ဝေဒနာကို သမားတော်ကြီးက ကုသပေးပါလိမ့်မယ်"

ဟု ပြောလေသည်။

မိန်းကလေးနှင့်အတူပါလာသော အဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

"စိတ်ချ၊ ကျုပ်နဲ့တွေ့ရမှတော့ မင်း ခံစားနေရတဲ့ ရောဂ ဝေဒနာတွေ သက်သာပျောက်ကင်းသွားစေရမယ်လို့ ကျုပ် တာဝ ယူတယ်"

ရှောင်ကျင်းက ...



"ကျွန်တော်က ..."

သူက အိပ်ရာထက်မှ လူးလိမ့်ထလိုက်လေသည်။

ဤတွင် ရင်ဝတွင် အောင့်သက်သက် ဝေဒနာတစ်ရပ်ဖြစ်ပေါ်လာသည်ကို ခံစားလိုက်ရ၏။

ရင်ထဲ လှိုက်ခနဲ လှိုက်ခနဲဖြစ်လာပြီး ...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

မိန်းကလေး ထိတ်လန့်သွားပြီး ...

"ဟင် ... ဒုက္ခပါပဲ၊ သမားတော်ကြီး လုပ်ပါဦးရှင်"

ဟု ပျာပျာသလဲ ပြောလိုက်သည်။

"သူဟာ ရင်တွင်းမှာ ထိခိုက်စေလောက်တဲ့ ဒဏ်ရာတစ်ခုခု ရထားတာပဲ၊ ဘာမှမပူပါနဲ့လေ၊ ကျုပ် ကုသပေးပါ့မယ်၊ ကဲ ... ကဲ ... သက်သောင့်သက်သာ လှဲနေလိုက်ပါ"

ရှောင်ကျင်းအား ခုတင်ပေါ်တွင် ပြန်လည် လဲလျောင်းနေစေသည်။

ပြီးလျှင် အသင့်ယူဆောင်လာသော ဆေးအိတ်ကိုယူကာ စားဆေး၊ လိမ်းဆေးများဖြင့် ကုသပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက နံဘေးမှနေပြီး ကူညီလုပ်ကိုင်ဆောင်ရွက်ပေး၏။

သမားတော်ကြီး၏ဆေးသောက်လိုက်ရပြီး မကြာမီ ရှောင်ကျင်းအား အိပ်ပျော်သွားလေတော့သည်။

☼



ဒုတိယအကြိမ် ရှောင်ကျင်း ပြန်နိုးလာသောအခါ ပြုံး၍ ကြည့်နေသော မိန်းကလေးကို တွေ့လိုက်ရလေသည်။

ရှောင်ကျင်းက လူးလိမ့်ထရန် ဟန်ပြင်လိုက်လေသည်။

မိန်းကလေးက ...

"မထနဲ့ဦးလေ၊ ရှင် နေကောင်းသေးတာ မဟုတ်ဘူး"

ရှောင်ကျင်းက ...

"ကျုပ်"

"ဘာမှမပူပါနဲ့ရှင်၊ တစ်လလောက် ဆေးမှန်မှန်သောက်ပြီး အနားယူနေလိုက်ရင် ရှင့်ဝေဒနာတွေ သက်သာပျောက်ကင်းသွားလိမ့်မယ်လို့ သမားတော်ကြီးက ပြောပါတယ်ရှင်"

ရှောင်ကျင်းက ...

"ကျုပ် ... ကျုပ် ... ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လ...

www.burmeseclassic.com

www.burmeseclassic.com



တာလဲဟင်”

ဟု မေးလိုက်လေသည်။

မိန်းကလေးက ...

“ရှင့်ကို အမျိုးသမီးတစ်ယောက်က ခေါ်လာတာပါ။ သူ့ရဲ့တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားတယ်၊ မျက်နှာကိုလည်း ဇာပဝါနဲ့ အုပ်ထားတယ်ရှင့်”

“ဟင်”

ရှောင်ကျင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

မြေခွေးယိုချီ၏ဇနီး ကူးလျှံအား တောင်ပိုင်းနယ်စား၏လူများက ပိုင်းဝန်းဖမ်းဆီးရန် ကြိုးစားကြရာတွင် သူက ရောက်သွားပြီး ထိကျင်း၏လက်ဝါးရိုက်ချက်ခံရကာ ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း သတိရလာရင်း အနက်ရောင်ဝတ်ကာ မျက်နှာတွင် ဇာပဝါဖုံးအုပ်ထားသော မိန်းကလေးက သူ့အား ကူညီခဲ့သည်ကိုလည်း ပြန်လည်သတိရလာသည်။

ထိုမိန်းကလေးကပင်လျှင် သူ့အား တည်းခိုခန်းသို့ ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ရှောင်ကျင်းက ...



“သူ ဘယ်မှာလဲ”

ဟု မေးလိုက်လေသည်။

“ရှင့်ကိုခေါ်လာပြီး နောက်တစ်နေ့မှာပဲ ရှင့်အတွက် လိုအပ်တဲ့ဆေးဝါးတွေ သွားယူဦးမယ်၊ ဂရုစိုက်ပြီး စောင့်ရှောက်ထားကြပါလို့မှာပြီး ထွက်သွားတာရှင့်”

ရှောင်ကျင်းက ...

“ခုထိ ပြန်ရောက်မလာသေးဘူးပေါ့”

“ဟုတ်ပါတယ်ရှင်၊ ရှင့်မှာ ရောဂါဝေဒနာ ခံစားနေရတာသိလို့ ကျွန်မတို့ကပဲ သမားတော်ခေါ်ပြီး ဆေးကုပေးခဲ့ရတာပါ”

ရှောင်ကျင်း ကျေးဇူးတင်သွားလေသည်။

“ကျုပ်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ညီမက ...”

“ကျွန်မနာမည် ချင်းချင်းလို့ ခေါ်ပါတယ်၊ ကျွန်မအဖေကတော့ ချင်းလီပါ၊ ဟောဒီ ချင်းမိသားစုတည်းခိုခန်းကို ကျွန်မတို့ ဖွင့်လှစ်ထားတာပါ”

“သြော်”

ကလေးဆန်ပြီး ချစ်စဖွယ်ကောင်းသော မိန်းကလေး၏

www.burmeseclassic.com

www.burmeseclassic.com



အမည်မှာ ချင်းချင်းဖြစ်ပြီး တည်းခိုခန်းပိုင်ရှင်၏သမီးဖြစ်ကြောင်း သိလိုက်ရလေသည်။

ချင်းချင်းက ...

"ရှင် သက်သာတယ်မဟုတ်လား"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"ဟုတ်တယ်၊ သက်သာလာပါပြီ၊ ကျုပ်ကို ကူညီစောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ် နေကောင်းလာပြီမို့ ဒီက ..."

သူ၏စကားမဆုံးမီ ချင်းချင်းက ကြားဖြတ်ပြောလိုက်လေသည်။

"အို ... ရှင်ထွက်သွားလို့ မဖြစ်သေးဘူး၊ သမားတော်ကြီးက တစ်လလောက် အနားယူမှဖြစ်မယ်လို့ ပြောတယ်ရှင့်"

ရှောင် ကျင်းက ...

"တစ်လ" ..."ဟုတ်ပါတယ်ရှင်"

"ဟာ ... ကျုပ်က ဒီမှာ တစ်လတောင်နေလို့ ဖြစ်ပါ့မလား"

ချင်းချင်းက ...



"ဘာကြောင့် မဖြစ်ရမှာလဲရှင်"

"ကျုပ်က"

"ရှင့်အတွက် စားသောက်နေထိုင်ရေး ကိစ္စအဝဝကို ရှင့်ကို လာပို့တဲ့ အမျိုးသမီးက တာဝန်ယူသွားပါတယ်၊ ငွေအလုံအလောက် ပေးခဲ့ပါတယ်၊ တကယ်လို့များ သူက တစ်ပြားတစ်ချပ်မှ မပေးခဲ့ဘူး ဆိုရင်တောင် ကျွန်မတို့ဟာ ရှင့်ကို ကူညီစောင့်ရှောက်ထားကြမှာပါ"

ရှောင်ကျင်းက ...

"ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်လေသည်။ ချင်းချင်းက ...

"ကဲ ... ရှင်လည်း ဗိုက်ဆာနေရောပေါ့၊ စားသောက်စရာတွေ ကျွန်မ သွားယူလိုက်ဦးမယ်"

ဟု ပြောကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

፨

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် ....

နှစ်ရက် ...

သုံးရက် ...

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

သို့သော် ...

အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေး ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။

ရှောင်ကျင်းသည် ထူထူထောင်ထောင်ဖြစ်လာသည်။

ကျန်းမာသည်နှင့် ချင်းမိသားစုတည်းခိုခန်းမှ ထွက်သွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

သူ့တွင် ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စ များစွာရှိနေသေးသည် မဟုတ်ပါလား။



သူ၏ဖခင်သည် တောင်ပိုင်းနယ်စား၏ အကောက်ကြံမှုကြောင့် သေဆုံးသွားခဲ့ရသည့်အဖြစ်ကို ဖော်ထုတ်ရမည်ဖြစ်သည်။

ဖခင်အား လုပ်ကြံခဲ့သည့် ကြေးစားသိုင်းသမားများနှင့် ရင်ဆိုင်ရမည်ဖြစ်လေသည်။

နောက်ဆုံး ...

ရှောင်ကျင်းသည် ချင်းချင်းအား နှုတ်ဆက်ကာ ထွက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်

လေပြည်လေညင်း ဖော့ယမ်းတိုက်ခတ်နေသည်။

မွှေးကြိုင်သော ပန်းရနံ့များ လွင့်ပျံလာလေသည်။

ရှောင်ကျင်းသည် အခန်းပြတင်းအနီး၌ရပ်ကာ အပြင်ဘက်သို့ ငေးမောကြည့်နေသည်။

တည်းခိုခန်း ဝဲဘက်တွင် ပန်းဥယျာဉ်တစ်ခု ရှိနေပါသည်။

ပန်းဥယျာဉ်အတွင်း၌ ရောင်စုံပန်းများ ငွားငွားစွင့်စွင့်နှင့် ဖူးပွင့်နေကြလေသည်။

ပန်းပိတုန်းလိပ်ပြာများသည်လည်း ပန်းဝတ်ရည်ကို စုပ်ယူရန် ပျံဝဲနေ၏။

ရှောင်ကျင်းက ငေးမောကြည့်နေစဉ်မှာပင် ပန်းဥယျာဉ်အတွင်းမှ တေးသီချင်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



တစ်ဆက်တည်းမှာပင် ...

တေးဆိုကာ ပန်းခူးနေသော ချင်းချင်းကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ကျင်းက ငေးမောကြည့်နေမိသည်။

နံနက်ခင်း နေရောင်ခြည်နှင့်အတူ ရောင်စုံပန်းများနှင့်အတူ ချောမောလှပနေသော မိန်းကလေးတစ်ယောက် ဖြစ်ပေတော့သည်။

※

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် ချင်းချင်းကို ငေးမောကြည့်ရင်း ရင်ထဲ၌ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သူ၏ဘဝသည် ပူလောင်လွန်းလှသည်။

ချင်းချင်း၏ဘဝသည်ကား အေးချမ်းသာယာလွန်းလှသည် မဟုတ်ပါလား။

ထို့အပြင် ...

ချင်းချင်း၏မျက်နှာလေးကို တွေ့မြင်ရလျှင်ပင် ရင်ထဲ အေးမြသွားသည်ဟု ခံစားရလေသည်။

ရှောင်ကျင်းသည် မျက်လုံးမခွာနိုင်တော့ဘဲ ငေးမောကြည့်နေမိလေတော့သည်။

မကြာပါချေ ...။

ချင်းချင်းက ခေါင်းမော့ကြည့်လာသောအခါ ရှောင်ကျင်းနှင့်



မျက်လုံးချင်း ဆုံမိလိုက်လေသည်။

"အို"

ချင်းချင်း၏ လွှတ်ခနဲ ရေရွတ်သံလေး ထွက်ပေါ်လာသည်။

ထို့နောက် ...

သမင်ပျိုလေးအလား ပြေးထွက်သွားလေသည်။

ရှောင်ကျင်း အလိုလို ပြုံးလိုက်မိလေတော့သည်။

⁂

www.burmeseclassic.com

www.burmeseclassic.com

ည ...

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။ လ ရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ရှောင်ကျင်းက အိပ်မပျော်နိုင်သေးပါ။

ထို့ကြောင့် ပန်းဥယျာဉ်အတွင်းသို့ ဆင်းလာခဲ့ပြီး သစ်ပင် တစ်ပင်အောက်တွင် ထိုင်နေလိုက်ပြီး ကောင်းကင်ပေါ်မှ လဝန်းကို ငေးကြည့်မိ၏။

ဤတွင် ...

လဝန်းတွင် ချစ်စရာကောင်းသော မိန်းကလေးတစ် ယောက်၏ရုပ်သွင် ပေါ်လွင်နေသည်ဟု ခံစားရလေသည်။

သူ မြင်ယောင်မိသည်ကား ချစ်စရာကောင်းလှသည့် ချင်း ချင်း၏မျက်နှာလေး ဖြစ်လေသည်။



ရှောင်ကျင်းသည် ရေခဲတောင်မှ ဆင်းလာပြီးသည့်အချိန်မှ စ၍ အခက်အခဲ အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရလေသည်။

ယခု ...

ချင်းမိသားစု တည်းခိုခန်းသို့ ရောက်လာမှသာ စိတ်အေး ချမ်းသာမှု ရရှိလာသည်ဟု ဆိုနိုင်၏။

ဖြစ်နိုင်လျှင် ...

ချင်းမိသားစုတည်းခိုရိပ်သာတွင် တစ်သက်လုံး အေးချမ်း ပျော်ရွှင်စွာ နေထိုင်သွားလိုစိတ်များ ဖြစ်ပေါ်လာလေ၏။

ရှောင်ကျင်း အတွေးနယ်ချဲ့နေစဉ်မှာပင် ...

'ခွပ် ... ခွပ်'

'ခွပ် ... ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း သတိဝင်လာလေသည်။

လှမ်းကြည့်လိုက်သောအခါ ...

မြင်းစီးသမားနှစ်ယောက်သည် တည်းခိုခန်းရှေ့သို့ ရောက် ရှိလာသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်းစီးသမားနှစ်ယောက်မှာ ...

လူ့ဘီလူးကြီးများပမာ သန်မာထွားကျိုင်းလှသူများ ဖြစ်ကြလေသည်။

တည်းခိုခန်းရှေ့သို့ရောက်လျှင် မြင်းပေါ်မှ လွှားခနဲ လွှားခနဲ ခုန်ဆင်းလာကြလေသည်။

မြင်းစီးသမားနှစ်ယောက်သည် တည်းခိုခန်းတံခါးရှေ့သို့ ရောက်ရှိသွားကြပြီး ...

'ဒုန်း ... ဒုန်း'

'ဒုန်း ... ဒုန်း'

တံခါးကို တဒုန်းဒုန်းမြည်အောင် ထုနက်လိုက်ကြလေသည်။

မရှေးမနှောင်းမှာပင် ...

"လာပြီ ... လာပြီ"

ချင်းချင်း၏ဖခင် တည်းခိုခန်းပိုင်ရှင် ချင်းလီသည် ချက်ချင်းပင် တံခါးလာဖွင့်ပေးလိုက်လေသည်။

မြင်းစီးသမားနှစ်ယောက်က ...

"ကျုပ်တို့ ခရီးဆက်လို့ မဖြစ်တော့ဘူး၊ ဒီည ဒီမှာတည်းမယ်၊ မနက်မှ ခရီးဆက်မယ် ...၊

ကျုပ်တို့အတွက် အိပ်ခန်းနဲ့စားသောက်စရာ ပြင်ဆင်ပေးပါ၊ အရက်ကို အရင်ဆုံး ယူလာပေး"

ဟု ကျယ်လောင်စွာ ပြောလိုက်ကြသည်။

ထိုနောက် ...

တည်းခိုခန်းအောက်ထပ်ရှိ ဧည့်ခန်းအတွင်း၌ နေရာယူလိုက်ကြလေသည်။

ချင်းလီသည် ချက်ချင်းပင် စားသောက်ဖွယ်ရာနှင့် အရက်များ ယူပေးလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

ညွှန့်သည် ...။

ညွှန့်သည်နှစ်ယောက်သည် အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည်။

လူ့ဘီလူးကြီးများအလား သန်မာထွားကျိုင်းကြသူများဖြစ်လေသည်။

မျက်နှာများကလည်း ခက်ထန်ကြမ်းတမ်းလှသည်။

ဘာကိုမှအမှုမထားဘဲ အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေကြသည်။

ညဘက်ဆိုလျှင် ဆိုင်လုလင်များသည် အိမ်ပြန်ကုန်ကြပြီဖြစ်၍ ဆိုင်ရှင်ချင်းလီကိုယ်တိုင် ထိုလူနှစ်ယောက်အား ပြုစုနေရလေတော့သည်။

လူသန်ကြီးနှစ်ယောက်သည် အရက်နည်းနည်း ဝင်လာ



သောအခါ ချင်းလီကို စားသောက်ဖွယ်ရာများ တစ်မျိုးပြီးတစ်မျိုး ပြုလုပ်ခိုင်းတော့သည်။

ချင်းလီမှာ ညအချိန်မတော် ချက်ပြုတ်ကျွေးမွေးနေရသဖြင့် ပင်ပန်းလှပေသည်။

သမီးဖြစ်သူချင်းချင်းလည်း မနေနိုင်တော့ဘဲ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးရလေသည်။

ချင်းလီက နဖူးပေါ်မှ ချွေးများကို သုတ်လိုက်ပြီး ...

"ကဲ ... ဒီလောက်ဆိုရင် ရပါပြီ၊ သမီး အိပ်ချင်ရင် သွားအိပ်တော့လေ"

ဟု ပြောလိုက်သည်။

ချင်းချင်းက ...

"ရပါတယ် ဖေဖေ"

သူမသည် စားသောက်ဖွယ်ရာများ ထည့်ထားသော လင်ပန်းကိုယူကာ ဖခင်နှင့်လိုက်သွားလေသည်။

လူကြမ်းကြီးနှစ် ယောက်သည် ချင်းချင်းကိုမြင်လျှင် ရမ္မက်ခိုးဝေသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ကြလေသည်။

လူသန်ကြီးတစ်ယောက်က ...

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ... ဒီကိုလာစမ်း"

ဟု လှမ်းခေါ်လိုက်သည်။

ချင်းချင်းက ...

"ဘာကိစ္စများ ရှိလို့လဲရှင့်"

လူသန်ကြီးက ...

"လာဆို လာစမ်း"

သူ၏လေသံမှာ ခက်ထန်နေသည်။

သူ၏စကားကို နားမထောင်လျှင် ထပြီး ရိုက်နှက်နှိပ်စက်တော့မည့်အသွင် ရှိလေသည်။

ချင်းချင်းက လှမ်းသွားလိုက်လေသည်။

လူသန်ကြီးက ...

"မင်းလိုချောမောလှပတဲ့ မိန်းကလေးမျိုးကို ဒီလိုအရပ်မျိုးမှာ တွေ့ရလိမ့်မယ်လို့ ငါမထင်မိဘူး ...၊

ဟင်း ဟင်း ... ဒီညအဖို့ တော့ မင်းက ငါတို့ကျေနပ်အောင် ပြုစုပေးရလိမ့်မယ်"

ဟုပြောလျှင် ကျန်တစ်ယောက်က သဘောကျစွာ ရယ်မောလိုက်လေသည်။



"ဟား ... ဟား ... ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ချင်းချင်းကား မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် မျက်နှာထူပူသွားပြီး ...

"ရှင် စော်ကားလှချည်လား"

ဟု အော်ငေါက်ကာ ပါးရိုက်ချလိုက်လေသည်။

'ဖြန်း'

လူသန်ကြီးမှာ အငိုက်မိသွားပြီး ပါးရိုက်ခံလိုက်ရ၏။ လူသန်ကြီး ဒေါသထွက်သွားလေသည်။

"နင်က ငါ့ကို ပါးရိုက်တယ်ပေါ့လေ ... ဟုတ်လား၊ သေပေတော့"

ဟု အော်ငေါက်ကာ ထိုင်ရာမှ ခုန်ထလာလေသည်။

ချင်းလီသည် သမီးဖြစ်သူအတွက် စိုးရိမ်ပူပန်သွားပြီး ...

"မလုပ်ပါနဲ့ဗျာ"

ဟု ကြားဝင်တောင်းပန်လိုက်လေသည်။

ဒေါသပွနေသော လူသန်ကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပါ သေချင်ပြီထင်တယ်"

ဟု ငေါက်ကာ လက်သီးဖြင့် ထိုးချလိုက်လေသည်။

'ခွပ်'

"အား"

ချင်းလီ၏မျက်နှာတွင် သွေးများ နီရဲသွားပြီး ဘိုင်းခနဲ လဲကျသွားလေတော့သည်။

"ဖေဖေ"

ချင်းချင်း အထိတ်တလန့်ဖြစ်သွားသည်။

ဖခင်ကို ကပျာကယာ ဖေးမလိုက်ရလေသည်။

လူသန်ကြီးနှစ်ယောက်စလုံး ထိုင်ရာမှ ထလာကြပြီ ဖြစ်သည်။

သူတို့သည် ချင်းချင်းထံ ချဉ်းကပ်လာကြသည်။ ချင်းချင်းအား အဓမ္မဖမ်းဆီးကြတော့မည် ဖြစ်လေသည်။

ချင်းချင်းတို့သားအဖ ဒုက္ခရောက်နေစဉ်မှာပင် ...

"ရပ်လိုက်စမ်း"

ဟန့်တားသံ ထွက်ပေါ်လာသည်။

လူသန်ကြီးနှစ်ယောက်က လှည့်ကြည့်လိုက်ကြသည်။



ယိုအခါ ...

ရှောင်ကျင်းက တည်းခိုခန်းထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

⁂

www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီးနှစ်ယောက် မျက်မှောင်ကြုတ်သွားကြလေသည်။

ရှောင်ကျင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ကြသည်။

လူသန်ကြီးတစ်ယောက်က ...

"ကောင်လေး ... ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်ချင်နဲ့၊ ဒုက္ခရောက်သွားလိမ့်မယ်"

ဟု ငေါက်လိုက်လေသည်။

ရှောင်ကျင်းက ...

"ခင်ဗျားတို့လည်း အေးအေးဆေးဆေး ထွက်သွားကြတာ ကောင်းပါလိမ့်မယ်"

"ဘာကွ"

"ခင်ဗျားတို့သွားကြပါတော့"

လူသန်ကြီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။



ထို့နောက် ...

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

ဟားတိုက်ရယ်မောလိုက်ကြလေသည်။

ရှောင်ကျင်း ခံပြင်းသွားသည်။

လူသန်ကြီးနှစ်ယောက်အား ဆုံးမမှဖြစ်တော့မည်ဟု နားလည်လိုက်လေသည်။

ထို့ကြောင့် ...

"ချင်းချင်း ညီမ ... ညီမဖေဖေခေါ်ပြီး နောက်ဆုတ်နေလိုက်ပါ"

ဟု ပြောလိုက်သည်။

သူကိုယ်တိုင်ကမူ ရှေ့သို့လှမ်းထွက်ကာ လူသန်ကြီးနှစ်ယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

လူသန်ကြီး နှစ်ယောက်အနက် တစ်ယောက်က ...

"ကောင်းပြီ ... ငါတို့အကြောင်း ပြရသေးတာပေါ့"

ဟု ကြုံးဝါးကာ ရှေ့တိုးလာသည်။

ရှောင်ကျင်းနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သေဖို့သာပြင်ထား"

ဟု အော်ပြောရင်း လက်သီးဖြင့် ထိုးသွင်းလိုက်လေသည်။

'ဗိုး'

လူသန်ကြီး၏ကြီးမားသော လက်သီးဆုပ်ကြီးသည် ရှောင်ကျင်း၏မျက်နှာဆီသို့ တည့်တည့်မတ်မတ် တိုးဝင်လာလေသည်။

ရှောင်ကျင်းက အသာအယာ ရှောင်တိမ်းပေးလိုက်ပြီး လူသန်ကြီး၏လက်ကောက်ဝတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

'ဖြောင်း'

"အား"

အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

လူသန်ကြီးသည် လက်တစ်ဖက်ကျိုးသွားသဖြင့် စူးရှစွာ အော်ဟစ်လိုက်ပြီး ကပျာကယာ နောက်ဆုတ်သွား၏။

လူသန်ကြီးသည် သူ၏အဖော် ခံလိုက်ရသည်ကို မြင်လျှင် ဒေါသထွက်သွားပြီး ...

"သေဖို့သာပြင်ထား"

ဟု အော်ငေါက်ကာ သံတင်းပုတ်ကြီးတစ်ခုကို ထုတ်ယူပြီး



ရှောင်ကျင်းထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

'ဗိုး ... ဗိုး ... ဗိုး'

သံတင်းပုတ်ကြီး ဝှေ့ယမ်းလိုက်သောအခါ လေတိုးသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တင်းပုတ်ကြီးဖြင့် ထုချခံရပါက သက်သာလိမ့်မည် မဟုတ်ချေ။

ရှောင်ကျင်းသည် သတိကြီးစွာထားကာ ရှောင်တိမ်းလိုက်လေသည်။

လူသန်ကြီးက ...

"မင်း ဘယ်လောက် ရှောင်နိုင်မလဲ၊ ကြည့်ကြသေးတာပေါ့"

ဟု ကြုံးဝါးကာ တရကြမ်း လိုက်လံတိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'ခွမ်း'

'ဖြောင်း'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

စားပွဲကုလားထိုင်များ ပျက်စီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ခွက်ယောက်များ ကွဲကြေကုန်သည်။

လူသန်ကြီးသည် တရကြမ်း လိုက်လံတိုက်ခိုက်နေပါသော်လည်း ရှောင်ကျင်းကို မထိနိုင်သဖြင့် ပိုပြီး ဒေါပွလာလေတော့သည်။

သူ၏တိုက်ခိုက်မှုသည် ပို၍ ပြင်းထန်လာသည်။

ရှောင်ကျင်းကို တိုက်ခိုက်ဖို့သာ သဲကြီးမဲကြီး ကြိုးစားနေသဖြင့် ဟာကွက်များ၊ မှားကွက်များ ဖြစ်ပေါ်လာလေသည်။

ရှောင်ကျင်းသည် ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ လျှပ်တစ်ပြက် ရှေ့တိုးသွားကာ တိုက်ခိုက်လိုက်လေသည်။

လူသန်ကြီး ရင်ထိတ်သွားသည်။

ရှောင်ကျင်း တုံ့ပြန်လာသည်နှင့် အခြေအနေ မဟန်မှန်သဘောပေါက်လာလေသည်။

ထိုကြောင့် ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းရန် ဟန်ပြင်လိုက်၏။

သို့သော် ...

ရှောင်ကျင်းသည် လူချင်းပူးကပ်သွားပြီး လျှပ်တစ်ပြက်တိုက်ခိုက်လိုက်သည်နှင့် ...

'ဝုန်း'



"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

လူသန်ကြီးမှာ ကြမ်းပြင်ပေါ် ပက်လက်လန်ကာ လဲကျသွားလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ...

လူသန်ကြီးနှစ်ယောက် ထိခိုက်ဒဏ်ရာရသွားကြသည်။

သူတို့သည် ကြမ်းပြင်ပေါ်မှ ကပျာကယာ လူးလိမ့်ထလာကြ၏။

ရှောင်ကျင်းကို မျက်လုံးပြူးကာ ကြည့်လိုက်ကြသည်။

ရှောင်ကျင်းက ...

"ခင်ဗျားတို့ ဒီနေရာက မြန်မြန်ထွက်သွားကြရင် ကောင်းလိမ့်မယ်"

ဟု ပြောလိုက်သည်။

လူသန်ကြီးနှစ်ယောက်သည် မကျေမနပ်ဖြင့် ...

"မင်းနာမည် ဘယ်သူလဲ ... ပြောစမ်း"

ဟု မေးလိုက်ကြသည်။



ရှောင်ကျင်းက ...

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ ခင်ဗျားတို့ ဒီက ထွက်သွားဖို့ အရေးကြီးတယ်"

လူသန်ကြီးနှစ်ယောက်က ...

"ကောင်းပြီ ... မင်း သတိထားပြီးနေပေတော့၊ မကြာခင် ငါတို့အကြောင်း သိရမယ်"

ဟု ကြိမ်းဝါးလိုက်ကြသည်။ ထို့နောက် ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ် ...

'ခွပ် ... ခွပ် ... ခွပ်'

'ခွပ် ... ခွပ် ... ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ...

မြင်းစီးသမားတစ်စုသည် တည်းခိုခန်းရှေ့သို့ ရောက်လာကြသည်။

ဆူဆူညံညံအသံများ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘီလူးညီနောင် ... မင်းတို့ ထွက်လာခဲ့ကြစမ်း"

ဟု အော်ငေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

❊ ❊ ❊

*ပထမပိုင်းပြီး၏။*

*ဒုတိယပိုင်း (ခတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။*

BURMESE CLASSIC .com

www.burmeseclassic.com